# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၁၄ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၉၇)


**ဒို့တာဝန်အရေး(၃)ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၁၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. David Cameron ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ *စာမျက်နှာ ၂ ကော်လံ ၅* ❍

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. David Cameron အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန် နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပါဝင်ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ယနေ့ (သင်္ကြန်အကျနေ့) ညနေပိုင်းတွင် ၁၃၇၃ ခုနှစ် နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲကြသည်။**

**နံ့သာရည်ပက်ဖျန်း**

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးတို့သည် ညနေ ၃ နာရီ မိနစ် ၂၀ တွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရှိ နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်သို့ ရောက်ရှိကြရာ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ဇနီးတို့က မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ နံ့သာရည်ပက်ဖျန်း၍ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးတို့သည် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် ဝန်ကြီးဌာနများမှ သင်္ကြန်ယိမ်းအဖွဲ့များ၊ နိုင်ငံကျော် တေးသံရှင်များနှင့် *စာမျက်နှာ ၃ ကော်လံ ၁* ❖

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ဝန်ကြီးဌာနများမှ သင်္ကြန်ယိမ်းအဖွဲ့များ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။**
(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် Rt. Hon. Mr. David Cameron နှင့်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

# ဗြိတိန်နိုင်ငံဝန်ကြီးချုပ်နှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဧပြီ ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ရောက်ရှိနေသော ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. David Cameron နှင့် အဖွဲ့သည် ယနေ့ ညနေ ၄ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှတစ်ဆင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ဧည့်သည်တော် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးလှမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်သည် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်၌ ဒေါ်အောင်ဆန်းစုကြည်အား တွေ့ဆုံပြီးနောက် သတင်းထောက်များနှင့်တွေ့ဆုံကာ မေးမြန်းချက်များကို ဖြေကြားသည်။

ထို့နောက် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စမ်းချောင်းမြို့နယ်ရှိ စစ်သချိုင်းသို့သွားရောက်၍ ပန်းခွေချ အလေးပြုခဲ့ကြသည်။

ဗြိတိန်နိုင်ငံဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ည ၁၀ နာရီတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ကြည်ညိုကြပြီး အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

**❍ ရှေ့ဖုံးမှ**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး ဧည့်သည်တော် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. David Cameron ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Richard Heyn လည်း တက်ရောက်သည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ပြည်တွင်းနိုင်ငံရေးနှင့်ငြိမ်းချမ်းရေးဖြစ်ပေါ်တိုးတက်မှုများ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့်လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧည့်သည်တော် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. David Cameron ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အထူးဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

**ကြိုဆိုနှုတ်ဆက်**

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. David Cameron အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## MRTV-4
## ရုပ်မြင်သံကြားအစီအစဉ်

၁၄-၄-၂၀၁၂ (စနေနေ့)

**နံနက်ပိုင်း**

၅:၄၀ **အချိန်** တရားတော်
(ဆရာတော်ဘဒ္ဒန္တ ဝေပုလ္လဇောတိ)
၉:၄၀ ၂၀၁၂သင်္ကြန်အကျနေ့မြင်ကွင်း
၉:၅၅ Global Panorama
(ကိုကိုလှိုင်၊မျိုးမြတ်သူ)
၁၀:၂၅ ခါသင်္ကြန်အဆိုအကများ
၁၂:၁၅ ဆေးလိပ်ဖြတ်ပွဲနှင့်အစားအသောက်မှ ရောဂါများမကူးစက်စေရန် နည်းလမ်းများ
၃:၁၀ Kid's Show
၅:၁၀ I Got It (Jade)
၅:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
**ပုံပြောကောင်းတဲ့ချစ်သူ**(အပိုင်း-၁၂)
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
**အချစ်တေးသံရင်ခုန်သံ**(အပိုင်း-၅၂)
၇:၁၀ နှစ်သစ်အကြို မြန်မာပြည်သိန်းတန် Live Show(Part-14)
၇:၄၀ ၂၀၁၂ သင်္ကြန်အကြတ်နေ့မြင်ကွင်း
၈:၀၀ MRTV-4 သတင်း
၈:၃၀ သွားမယ်စားမယ်
(Caf'e Delight European American Food Fusion)
၈:၅၀ Movie Talk
(နှစ်သစ်တူပြိုင်ပိတောက်မြိုင်)
(ဒါရိုက်တာ-ကြည်စိုးထွန်း)
(အပိုင်း-၅)
၉:၀၅ ပြက္ခဒိန်ရွှေတောင်မည်
မြန်မာပြည်ဗဟိုချက်ဆီ
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
**ဘဝအားမာန်** (အပိုင်း-၆)
၁၂:၃၀ **ကြည်နူးရိပ်**
ပိုင်ဇေရဲထွန်း၊ကြည်လဲ့လဲ့ဦး၊ ခိုင်နှင်းဝေ(ဒါရိုက်တာ-သက်တင်)
၄:၁၀ အဓိဋ္ဌာန်အောင်မြင်သည့် သစ်ပုံဗုဒ္ဓရုပ်ပွားတော်

**Barclays Premier League**
**ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆:၁၀ | Liverpool-Fulham | (ESPN) |
| ၆:၁၀ | Norwich - Man City | (Star Sports) |
| ၈:၂၅ | Chelsea-Newcastle | (ESPN) |
| ၈:၂၅ | Stoke - Aston Villa | (Star Sports) |

ဧပြီ ၁၃ ရက် (သင်္ကြန်အကျနေ့)က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ရေကစားမဏ္ဍပ်၌ ရေပက်ခံကားများဖြင့် ပျော်ရွှင်စွာ ရေကစားနေစဉ်။ (မြန်မာ့အလင်း)

**မြန်မာ့အလင်း**

**အယ်ဒီတာ့ အာဘော်**

(၂၀၁၂ ခုနှစ် ဧပြီ ၁၄ ရက်)

## နွေအပူ ရေကူမမှားလေနှင့် . . .

အပူချိန်ကား တစ်နေ့ တစ်နေ့ တိုးလာပြီ။ ရှေ့လျှောက် ပူဦးမည်။ မိုးမကျမချင်း အပူဒဏ်ကို ရင်ဆိုင်ကြရမည်။ အသက်ဉာဏ်စောင့် ဥစ္စာကံစောင့်တဲ့။ သတိနှင့်သွား၊ သတိနှင့်လာ၊ သတိနှင့် ဆင်ခြင်ဖို့သာရှိသည်။ သတိလက်လွတ်လျှင် အသက်အန္တရာယ်ရှိသည်။

နွေရောက်ပြီဆိုလျှင် အအေးကိုရှာကြသည်။ အေးသည့်နေရာ၊ အေးသည့်အရာကို ရှာကြသည်။ အပူကို အအေးနှင့် ကုစားကြသည်။ နွေအခါတွင် ရေသည် လူတိုင်းအတွက် အားဆေးဖြစ်၏။ ရေကိုချိုးသည်၊ သောက်သည်။ ရေချိုးရေသောက်ခြင်းသည် လူကို အားဖြစ်စေ၏။ စိတ်ကိုလည်း လန်းဆန်းတက်ကြွစေ၏။ သို့သော် နွေအခါတွင် ရေချိုး ရေသောက်မှားလျှင် ဘေးဖြစ်စေနိုင်သည်။ အသက်ပင် အန္တရာယ်ရှိသေးသည်။

နွေအခါတွင် အရိပ်ထဲ အလုပ်လုပ်ကြသူများအဖို့ အသက်အန္တရာယ်များစွာမရှိသော်လည်း နေပူစပ်ခါးရုန်းကန်လှုပ်ရှားကြသူများအတွက် များစွာအန္တရာယ်ရှိသည်။ "ပူလွန်းလို့ မခံနိုင်ဘူးကွာ…ရေလေးတစ်ခွက်လောက်တော့ ချိုးလိုက်ဦးမှ…ဖြစ်ကာမှ ဖြစ်ရော"ဆိုသူတွေ အများအပြားရှိသည်။ အခန့်သင့်၍ အန္တရာယ်မဖြစ်သေးသော်လည်း အခန့်မသင့်သည့်အခါ ဆေးရုံရောက်ကုန်၏။ တချို့ ခေါက်ခနဲပင် အသက်ပျောက်၏။ ရေချိုးမဆင်ခြင်၍ ဘေးဖြစ်ကြသည်ကို မကြာခဏကြားဖူး၊ တွေ့ဖူး၏။ သတိပြု ဆင်ခြင်သင့်၏။

"ဟဲ့ ကလေးတွေ မနက် ၁၀ နာရီကျော်ရင် ရေမချိုးကြတော့နဲ့၊ ရေမချိုးလို့ ဘာမှမဖြစ်ဘူး… ရေချိုးရင် အန္တရာယ်ရှိတယ်…သတိလေးထားကြမှပေါ့"ဟူ၍ လူကြီးသူမများက ဆုံးမလေ့ရှိသည်။ ဟုတ်ပေ၏။ အပူကို အအေးနှင့် တုံ့ပြန်ခြင်းသည် အန္တရာယ်ရှိ၏။ နေမြင့်မှ ရေချိုးလိုက်သဖြင့် အနည်းဆုံး ကိုယ်ပူစပ် ပူလောင်ဖြစ်ပြီး ဖျားနာတတ်၏။ အာခေါင်စပ်၊ အာခေါင်နာဖြစ်တတ်၏။ အထူးသဖြင့် သက်ကြီးပိုင်းနှင့် ကလေးငယ်များ ရေချိုးသည့်အခါ နံနက်စောစောချိုးထားသင့်၏။ နေမြင့်မှ ရေမချိုးသင့်။ ညနေပိုင်း ရေချိုးသည့်အခါတွင်လည်း နေအေးမှ ချိုးသင့်သည်။

နေအပူရှိန်လွန်ကဲချိန်တွင် မြစ်ဆိပ်၊ ရေချိုးဆိပ်တို့၌ ကလေးများ အပူဒဏ်မခံနိုင်ကြသဖြင့် ရေဆင်းချိုးတတ်ကြသည်။ အကြောင်းသင့်၍ ဘေးမဖြစ်သေးသော်လည်း အကြောင်းမသင့်သည့်အခါ အသက်ဘေးအန္တရာယ်ဖြစ်နိုင်သည်ကို သတိပြုကြစေလိုပါသည်။ နေပူရှိန်မြင့်တက်နေချိန်တွင် မြစ်ဆိပ်၊ ရေချိုးဆိပ်သာမက အခြားမည်သည့်နေရာမဆို ရေချိုးခြင်းတို့ ရှောင်ကြဉ်သင့်ပါသည်။ တစ်ဖန် ညနေရေချိုးသည့်အခါ ချွေးအလွန်ထွက်နေလျှင် ရေမချိုးသင့်ပါ။ ချွေးတိတ်မှ ရေချိုးသင့်ပါသည်။ သို့မဟုတ်လျှင် ချွေးငုပ်၍ ဖျားနာတတ်ပါသည်။ ချွေးသုတ်၍ ခဏနားပြီးမှ ရေချိုးသင့်ပါသည်။

ရေချိုးခြင်းကို အချိန်နှင့်အခါနှင့် ချိုးသင့်သလို ရေသောက်ရာတွင်လည်း သတိထား၍ သောက်သင့်ပါသည်။ နေပူထဲမှလာသူ ရေအေးကို ချက်ချင်းမသောက်သင့်ပါ။ ခေတ္တနားပြီးမှ သောက်သင့်ပါသည်။ အထူးသဖြင့် ယခုလိုနွေရာသီတွင် ရေခဲရေ၊ ရေခဲသုပ်၊ ရေခဲချောင်း သောက်သုံးတတ်ကြပါသည်။ အပူထဲမှလာ၍ ရေခဲရေသောက်ခြင်းသည် များစွာအန္တရာယ်ရှိပါသည်။ နေပူထဲမှလာ၍ အအေးခန်းများအတွင်း ချက်ချင်းမဝင်သင့်ပါ။ အပူနှင့်အအေးရှော့ခ်ဖြစ်၍ အသက်အန္တရာယ် ဖြစ်စေနိုင်ပါသည်။

ထို့ကြောင့် ရေသည် လူတိုင်းအတွက် အရေးကြီးပါသည်။ ရေကိုချိုးပါ။ သောက်ပါ။ ရေချိုးရေသောက်ခြင်းသည် အားကိုဖြစ်စေသည်ဟု ဥတုဘောဇနသင်္ဂဟကျမ်းတွင် ရေးသားဖော်ပြထားပါသည်။ သို့သော် အချိန်နှင့်အခါနှင့် ချိုးကြပါ။ သောက်ကြပါ။ ရေချိုးမဆင်ခြင်၍ အသက်ဆုံးရှုံးခြင်းကား မဖြစ်သင့်ပါ။ သို့ဖြစ်၍ နွေအပူတွင် ရေကူမမှားကြဖို့ သတိပြုဆင်ခြင်နိုင်ကြစေရေးအသိပေးတိုက်တွန်းလိုက်ရပါသည်။ ။

14-4 (02).pmd 1 4/14/2012, 2:51 AM

❖ *ရှေ့ဖုံးမှ*

အနုပညာရှင်များ၏ သင်္ကြန်တေးများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးတို့သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဦးဌေးအောင်နှင့် ဒေါက်တာဝင်းမြင့်၊ နေပြည်တော်ကောင်စီဝင်များ၊ မိသားစုဝင်များနှင့်အတူ မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

**ကြိုဆို**

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ဟိုတယ်ဇုန် ရွှေညော့်သည်ဟိုတယ်ရှေ့ရှိ Sky Net မိသားစုရေကစားမဏ္ဍပ်သို့ ရောက်ရှိကြရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးစိုးဝင်း၊ ဦးခင်ဇော်၊ ဦးတင့်လွင်နှင့် ဦးအောင်သန်းဦး၊ ရွှေသံလွင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ရေကစားမဏ္ဍပ်၌ လာရောက်ဖျော်ဖြေကြသည့် ရုပ်ရှင်အနုပညာရှင်များ၊ တေးသံရှင်များ၏ သင်္ကြန်တေးသီချင်းများနှင့် ခေတ်ပေါ်တေးများဖြင့် သီဆိုကပြဖျော်ဖြေမှုများ၊ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနေမှုများကို ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေကြသည့် အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် အနုပညာရှင်များနှင့် တေးသံရှင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပြီး ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ရေပက်ကစားကြသည်။

**ကြည့်ရှုအားပေး**

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် Max Myanmar Group of Companies မိသားစုရေကစားမဏ္ဍပ်သို့ ရောက်ရှိကြပြီး သင်္ကြန်ယိမ်းဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးတို့က ယိမ်းအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများချီးမြှင့်ကြပြီး မဏ္ဍပ်သို့ လာရောက်ရေကစားကြသည့် ပြည်သူများ၊ သီဆိုဖျော်ဖြေကြသည့် အနုပညာရှင်များ၊ ယိမ်းအဖွဲ့ဝင်များနှင့်အတူ ပျော်ရွှင်စွာ ရေပက်ကစားကြသည်။

ဆက်လက်၍ ACE Group of Companies ၏ ရေကစားမဏ္ဍပ်သို့ ရောက်ရှိပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေနေမှုနှင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာရေကစားနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးတို့က သီဆိုဖျော်ဖြေကြသည့် အနုပညာရှင်များနှင့် တေးသံရှင်များအား ဂုဏ်ပြုဆုငွေများချီးမြှင့်ကြပြီး ပြည်သူများနှင့်အတူ ပျော်ရွှင်စွာရေပက်ကစားကြသည်။

ယင်းနောက် ဟိုတယ်ရွှေပြည်တော် မိသားစုရေကစားမဏ္ဍပ်သို့ သွားရောက်ကြပြီး တေးသံရှင်များ၏ ခါသင်္ကြန်တေးများနှင့် ခေတ်ပေါ်တေးများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကာ တေးသံရှင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးတို့သည် ရေကစားမဏ္ဍပ်သို့လာရောက်ကြသည့် ပြည်သူများ၊ တေးသံရှင်များနှင့်အတူ ပျော်ရွှင်စွာရေပက်ကစားကြသည်။

**ကပြဖျော်ဖြေ**

၁၃၇၃ ခုနှစ် နေပြည်တော်မဟာသင်္ကြန်တွင် အနုပညာရှင်များဖြစ်ကြသည့် အကယ်ဒမီနေအောင်၊ အကယ်ဒမီရဲအောင်၊ အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ ကျော်ကျော်ဗိုလ်၊ အကယ်ဒမီ မေသန်းနု၊ ပပဝင်းခင် စသည့် အနုပညာရှင်များ၊ အယ်လ်လွန်းဝါ၊ နောနော်၊ သားစိုး၊ လိမ္မော်သီး စသည့် တေးသံရှင်များ လာရောက်သီဆို ကပြဖျော်ဖြေကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း Max Myanmar Group of Companies မိသားစုရေကစားမဏ္ဍပ်မှ ယိမ်းအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်စဉ်။** (သတင်းစဉ်)

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့်ဇနီးတို့ Sky Net မိသားစုရေကစားမဏ္ဍပ်၌ လာရောက်ဖျော်ဖြေကြသည့် ရုပ်ရှင်အနုပညာရှင်များ၊ တေးသံရှင်များ၏ သင်္ကြန်တေးသီချင်းများနှင့် ခေတ်ပေါ်တေးများဖြင့် သီဆိုကပြဖျော်ဖြေမှုများ၊ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနေမှုများကို ကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)

**သင်္ကြန်အကျနေ့က Max Myanmar Group of Companies မိသားစုရေကစားမဏ္ဍပ်၌ ရေပက်ခံလာသူများ အထူးစည်ကားလျက်ရှိစဉ်။** (သတင်းစဉ်)

**သင်္ကြန်အကျနေ့က ဟိုတယ်ရွှေပြည်တော်မိသားစုရေကစားမဏ္ဍပ်၌ သင်္ကြန်ယိမ်းအဖွဲ့များ ကပြဖျော်ဖြေကြစဉ်။** (သတင်းစဉ်)

▲ *ကျောဖုံးမှ*

**အထူးစည်ကား**

ထို့အတူ နေပြည်တော် ဥတ္တရသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့၌လည်း ရေကစားကြသူများ၊ ရေပက်ခံသူများ၊ စတုဒိသာမဏ္ဍပ်များ ဆောက်လုပ်၍ အာဟာရဒါန အကျွေးအမွေး ပြုလုပ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

နေပြည်တော် ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ ဟိုတယ်ဇုန် ရေသဘင်မဏ္ဍပ်များ၌လည်း သင်္ကြန်နှင့်ဂီတကိုချစ်မြတ်နိုးကြသူ ပရိသတ်ပြည်သူများက မြူးကြွသည့် ဂီတတေးသံသာများနှင့်အပြိုင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ဝါရွှေရည်လူး ပုရစ်ဖူးသည့် ငုပန်းရွှေဝါတို့ပွင့်ဖူးလျက်ရှိသည့် ရာဇသင်္ဂဟလမ်းမတစ်လျှောက်၌ အစုအဖွဲ့လိုက် လမ်းလျှောက်ကာ ရေပက်ခံထွက်ကြသူများ၊ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် ရေပက်ခံထွက်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**ခြိမ့်ခြိမ့်သဲစည်ကား**

တတိယအကြိမ်အဖြစ် နေပြည်တော်တွင် ဆင်ယင်ကျင်းပသော ၁၃၇၃ ခုနှစ် မဟာသင်္ကြန် အတာရေသဘင်ပွဲတော်သည် ယခင်ယခင်နှစ်များကထက် ပိုမိုစည်ကားပြီး မဏ္ဍပ်များအလိုက် ဖိတ်ကြားထားသည့် ရုပ်ရှင်အနုပညာရှင် သရုပ်ဆောင်များနှင့် နိုင်ငံကျော်တေးသံရှင်များ၊ အကအဖွဲ့များက ရွှင်မြူးသည့်သင်္ကြန်တေးသံသာများ၊ အကအလှများဖြင့် ဖျော်ဖြေလျက်ရှိရာ လမ်းမကြီးတစ်လျှောက် ဂီတနှင့် သင်္ကြန်ချစ်မြတ်နိုးသူ ပရိသတ်များဖြင့် ခြိမ့်ခြိမ့်သဲစည်ကားနေသည်။

ရွှေညော့်သည်ဟိုတယ်နှင့် ရွှေသံလွင်ကုမ္ပဏီတို့ကလည်း ညော့်သည်တော်များ၊ ရေပက်ခံလာ ပရိသတ်များအား စတုဒိသာကျွေးမွေး၍ ကုသိုလ်ယူကြသည်ကို တွေ့ရသည်။

မွန်းလွဲပိုင်းတွင် ရေပက်ခံသူများသည် နေပြည်တော်ရေပန်းဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်များသို့ သွားရောက်အပန်းဖြေ အနားယူကြသည်ကို တွေ့ရသည်။

နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ နံနက်ပိုင်းမှစတင်၍ ဝန်ကြီးဌာနများ၊ ကုမ္ပဏီများမှ ယိမ်းအလှအကအဖွဲ့ဝင် သမီးပျိုလေးများ၏ ယိမ်းအကအလှများ၊ နိုင်ငံကျော်တေးသံရှင်၊ အနုပညာရှင်သရုပ်ဆောင်များ၏ သီချင်းသီဆိုဖျော်ဖြေတင်ဆက်မှုများဖြင့် စည်ကားသိုက်မြိုက်စွာ ဆင်ယင်နွှဲလျက်ရှိသည်။

**(သတင်းစဉ်)**

**သင်္ကြန်အကျနေ့က ရွှေသံလွင်ကုမ္ပဏီရေကစားမဏ္ဍပ်၌ တေးသံရှင်များ သင်္ကြန်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။** (သတင်းစဉ်)

# သုတေသနလုပ်ငန်း ဘက်ပေါင်းစုံမှ ပြုလုပ်ရန်လိုအပ် ဒေသနှင့်အကိုက်ညီဆုံးမျိုး ရွေးချယ်ပေးရန်လို

**နေပြည်တော် ဧပြီ ၁၃**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းရွာ ပုလဲသွယ်စပ်မျိုးစပါး မျိုးလေးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်၌ စပါးနှံများစုံညီစွာထွက်ရှိနေမှုနှင့် အဖိုမြုံထိန်း (R)လိုင်း ၆ ဧက မျိုးသန့်မျိုးပွား စိုက်ပျိုးထားမှုများကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာ၌ တောင်သူများ ကိုယ်တိုင်သိပ္ပံနည်းကျစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးထားသော ၄၅ ရက်သား ပုလဲသွယ်စိုက်ခင်းဧက ၅၀၏ အောင်မြင်ဖြစ်ထွန်းမှုများကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ကျားကူးကျေးရွာရှိ စံပြစက်မှုလယ်ယာ ဧက ၁၀၀ စိုက်ကွင်း၌ မြန်မာ-တရုတ် စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း မျိုးကွဲ(၅)မျိုးအား ၁၀ ဧက စိုက်ပျိုးစမ်းသပ်ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ ပုလဲသွယ် စပ်မျိုးစပါး တစ်ကွင်းတစ်စပ်တည်း ၃၆၉ ဧကစိုက်ခင်း၌ အောင်နှံများစုံညီစွာ ထွက်ရှိ၍ ရင့်မှည့်နေသော စိုက်ခင်းနှင့် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ စံပြစက်မှုလယ်ယာ ဧက ၂၀၀ စိုက်ခင်း၌ ပုလဲသွယ်စပ်မျိုးစပါး ပျိုးသက် ၁၇ ရက်သားအရွယ် ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများအားတွေ့ဆုံ၍ သုတေသနလုပ်ငန်းကို ဘက်ပေါင်းစုံမှပြုလုပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သုတေသနပြု ရရှိချက်များကို ပညာရှင်များအနေဖြင့် ဘက်စုံထောင့်စုံသုံးသပ်ပြီး လယ်ကွင်းထဲသို့ (From Lab to Farm)အဖြစ် ပို့ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ဒေသနှင့် အကိုက်ညီဆုံးမျိုးကို ရွေးချယ်ပေးရန် လိုအပ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မဟာသင်္ကြန်အကျနေ့ ရေသဘင်ပွဲ ရန်ကုန်မြို့၌ ပျော်ရွှင်ကြည်နူးစွာ ဆက်လက်ဆင်နွှဲ

**ရန်ကုန် ဧပြီ ၁၃**

မဟာသင်္ကြန်အကြိုနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်အပါအဝင် ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်ရှိ ရေသဘင်မဏ္ဍပ်များ၊ မြို့နယ်အသီးသီးရှိ ရေသဘင်မဏ္ဍပ်များ၊ ကုမ္ပဏီနှင့်ပုဂ္ဂလိက ရေကစားမဏ္ဍပ်များဖွင့်ခဲ့ကြပြီး မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို စတင်ဆင်နွှဲခဲ့ကြသည်။ ယနေ့ သင်္ကြန်အကျနေ့တွင် ယမန်နေ့ကထက် ပိုမိုသက်ဝင်လှုပ်ရှား ပျော်ရွှင်ကြည်နူးစွာ ဆက်လက်ဆင်နွှဲကြသည်။

ယနေ့ မဟာသင်္ကြန်အကျနေ့တွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် **(အပေါ်ပုံ)**၌ သင်္ကြန်ချစ်ပြည်သူများအား နံနက်ပိုင်းတွင် ထူးမြတ်တဲ့ ဒီအတာယိမ်း၊ ယဉ်ပျိုမဒီယိမ်း၊ ဒဂုံမေယိမ်း၊ မညိုမြယိမ်း၊ သက်ကြီးယိမ်း၊ သက်လတ်ယိမ်း၊ ပုဇွန်တောင်မြို့နယ် မူကြို(၂)ယိမ်း၊ လသာမြို့နယ် မူကြို(၆)ယိမ်း၊ မနုယိမ်း၊ ငုရွှေဝါယိမ်း၊ ပျိုတို့မောင်ယိမ်း၊ ငုရနံ့ယိမ်း၊ တန်ခူးရွှေဝါယိမ်းအဖွဲ့နှင့် မွန်းလွဲပိုင်းတွင် သင်္ကြန်ရွှေမင်းသမီးယိမ်း၊ ရွှေဂုံမေယိမ်း၊ ကလိုက်ပါ ရိုးရိုးနှင့် ယဉ်ယဉ်ယိမ်း၊ ပိတောက်ရွှေဝါယိမ်း၊ ယမင်းရွှေစင်ယိမ်း၊ လေးဝတီရခိုင်ရိုးရာယဉ်ကျေးမှုယိမ်း၊ ကျွန်ုပ်တို့သည်ယိမ်း၊ ဒဂုံမောင်ယိမ်း၊ မီးသတ်ဦးစီးဌာနယိမ်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်ယိမ်း၊ ဗဟန်းမူကြို(၁) မူကြိုဆရာမများယိမ်းနှင့် ယဉ်ကျေးမောင်ယိမ်းအဖွဲ့တို့က အဆိုအကများဖြင့် လည်းကောင်း၊ ညပိုင်းတွင် အလင်္ကာဝတ်ရည် မြန်မာသံစဉ်တေးဂီတအဖွဲ့က မြန်မာမှုတေးသီချင်းများဖြင့် လည်းကောင်း ဖျော်ဖြေကြသည်။

လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်နှင့် ပုဇွန်တောင်မြို့နယ်များရှိရာ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းတို့ရှိ ရေကစားမဏ္ဍပ်များ၌ လည်းကောင်း၊ ပါရမီလမ်း၊ အလုံလမ်း၊ ပြည်လမ်း၊ ကမ္ဘာအေးစေတီလမ်း၊ စက်မှု(၁)လမ်း၊ ဆရာစံလမ်းနှင့် ကန်တော်ကြီး ကန်ပတ်လမ်းတို့ရှိ ရေကစားမဏ္ဍပ်များ၌လည်းကောင်း ပိုက်ကြီး ပိုက်ငယ်အသွယ်သွယ်ဖြင့် ရေပက်ကစားကြသူများ၊ ကားကြီး ကားငယ်အသီးသီးဖြင့် လှည့်လည်ရေပက်ခံကြသူများ၊ တစ်ကိုယ်တော်နှင့် အဖွဲ့အစုအလိုက် လမ်းလျှောက်ကာ ရေပက်ခံထွက် ရေကစားကြသူများဖြင့် အတာသဘင်ပွဲကို ပျော်ရွှင်ကြည်နူးစွာ ဆက်လက်ဆင်နွှဲကြသည်။ ယင်းသို့ဆင်နွှဲရာတွင် နိုင်ငံခြားသား ခရီးသွားများပါ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်ကို တွေ့ရသည်။

မြန်မာတို့၏ ချစ်စဖွယ်ဓလေ့စရိုက်တစ်ခုဖြစ်သည့် စတုဒိသာကျွေးမွေးညှော့်ခံ လှူဒါန်းခြင်းများကိုလည်း မြို့နယ်၊ ရပ်ကွက်၊ လမ်းများအလိုက် တစ်ဦးချင်း၊ အစုအဖွဲ့၊ ကုမ္ပဏီအလိုက် ပြုလုပ်ကြသည်ကို တွေ့ရသည်။ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်နှင့်အဖွဲ့သည် ကမာရွတ်မြို့နယ် အမှတ်(၉)ရပ်ကွက်၌ စတုဒိသာရွေရင်အေး ကျွေးမွေးလှူဒါန်းနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ရန်ကုန်မြို့ရှိ ဘုရား၊ ပုထိုး၊ ကျောင်းကန်များ၌ ဆရာတော်၊ သံဃာတော်များထံမှ ဥပုသ်သီတင်း သီလခံယူဆောက်တည်ကြသူများ၊ နှစ်သစ်ကူး အခါသမယ အလှူဒါနပြုကြသူများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၏ ဗုဒ္ဓစာပေဆိုင်ရာ ဓမ္မကျမ်းဂန် ရွတ်ဖတ်ပူဇော်နေမှုများသည် ယနေ့တွင်မှ ဖူးပွင့်လာသည့် ပိတောက်ပန်း၊ ငုဝါပန်းတို့နှင့်အတူ နှစ်သစ်ကူး မဟာသင်္ကြန်အကျနေ့၏ ပုံရိပ်ကို ပီပီပြင်ပြင် သရုပ်ဖော်နေသကဲ့သို့ရှိသည်။ **(သတင်းစဉ်)**

# မဟာသင်္ကြန်အကျနေ့တွင် မန္တလေးမြို့၌ သင်္ကြန်ချစ်သူပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစား

**နေပြည်တော် ဧပြီ ၁၃**

မန္တလေးမြို့၏ မဟာသင်္ကြန်ပွဲတော်သည် အထူးပင်စည်ကားလှပြီး မဟာသင်္ကြန်အကျနေ့ဖြစ်သော ဧပြီ ၁၃ ရက် ယနေ့တွင် သင်္ကြန်ချစ်သူပြည်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ မင်္ဂလာရေသဘင်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ရေကစားကြရာ မန္တလေး ကျုံးပတ်ပတ်လည်လမ်းတစ်လျှောက် တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး ဒေါ်မြတ်ငွေ၊ညှော့်သည်တော်များ၊မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အဖွဲ့အစည်းဝင်များ၊ သင်္ကြန်မိသားစုဝင်များသည် ကျုံးအရှေ့ဘက် ၆၆ လမ်းရှိ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ရေကစားမဏ္ဍပ်၊ ကျုံးတောင်ဘက်ရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မိသားစု၏ နန်းမြို့သူ သင်္ကြန်ရေကစားမဏ္ဍပ်၊ ယူနိုက်တက်ကုမ္ပဏီ Group၊ ဆည်မြောင်းဦးစီးဌာနမိသားစု ရေကစားမဏ္ဍပ်၊ ALPINE ရေကစားမဏ္ဍပ်များသို့ လှည့်လည်သွားရောက်ကာ ရေကစားမဏ္ဍပ်များမှ မိသားစုများနှင့်အတူ ပျော်ရွှင်ကြည်နူးစွာ သင်္ကြန်ရေကစားကြသည်။ သင်္ကြန်မဏ္ဍပ်များမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ မန္တလေးသင်္ကြန်ကို ချစ်မြတ်နိုးကြသည့် ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်၊ အဆိုတော် တေးသံရှင်များက ပရိသတ်အကြိုက် သင်္ကြန်တေးများနှင့် ခေတ်ပေါ်တေးသီချင်းများကို အဆိုအကများနှင့် တွဲဖက်ဖျော်ဖြေတင်ဆက်မှုကိုလည်း အားပေးကြည့်ရှုကာ မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက မန္တလေးမြို့ မဟာသင်္ကြန်ပွဲတော်ကာလဖြစ်သည့် သင်္ကြန်အကြိုနေ့ မွန်းတည့် ၁၂ နာရီမှစ၍ သင်္ကြန်အတက်နေ့ ည ၁၂ နာရီအထိ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန် မန္တလေးနန်းမြို့ ကျုံးတော်ကြီး ပတ်လည်လမ်းတို့အား တစ်လမ်းမောင်းစနစ်ဖြင့် အသုံးပြု၍ ယာဉ်များသွားလာစေခြင်းကို ကြိုတင်အသိပေးနှိုးဆော်ထားသဖြင့် ယခုနှစ် သင်္ကြန်မဏ္ဍပ်များတွင် ယာဉ်များ အေးချမ်းလွယ်ကူစွာ သွားလာလျက်ရှိသည်ကို တွေ့ရှိရသည်။ သင်္ကြန်မဏ္ဍပ်များတွင်လည်း ပြန်ကြားရေးနှင့် ဓာတ်ပုံပြိုင်ပွဲ စိစစ်ရေးလုပ်ငန်းကော်မတီက ဓာတ်ပုံပြိုင်ပွဲ ကျင်းပပေးသည့်အတွက် ဓာတ်ပုံပညာရှင် ဝါသနာရှင်များသည် ပြိုင်ပွဲဝင်ဓာတ်ပုံများ အပြိုင်အဆိုင် ရိုက်ကူးလျက်ရှိသည်။ သင်္ကြန်အကျနေ့ ညနေပိုင်းတွင်လည်း ကျုံးအနောက်ဘက်ရှိ ထက်မြတ်အထွေထွေစီးပွားရေးလုပ်ငန်းစု မဟာသင်္ကြန်ရေကစားမဏ္ဍပ်၊ ပဒုမ္မာဆပ်ပြာသင်္ကြန် ရေကစားမဏ္ဍပ်၊ ကျုံးတောင်ဘက်ရှိ စီးပွားရေးလုပ်ငန်းရှင်များ၏ရေကစားမဏ္ဍပ်များတွင် သင်္ကြန်အကအဖွဲ့များက နာမည်ကြီး တေးဂီတဝိုင်းများနှင့်တွဲဖက်၍ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များ၊ အဆိုတော်တေးသံရှင်များ၏ သင်္ကြန်တေး၊ ခေတ်ပေါ် တေးသီချင်းတို့ဖြင့် မြူးမြူးကြွကြွ ဖျော်ဖြေကြရာ ရေပက်ခံသူများနှင့် ရေကစားကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလှပြီး ပျော်ရွှင်စွာရေကစားကြသည်ကို တွေ့ရသည်။

ထို့ပြင် ညပိုင်းတွင်လည်း မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ လာရောက်ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြသည့် သင်္ကြန်အလှပြယာဉ်များအား အကဲဖြတ်အဖွဲ့က စိစစ်လျက်ရှိပြီး သင်္ကြန်အလှပြမဏ္ဍပ် အကဲဖြတ်အဖွဲ့ဝင်တို့ကလည်း သင်္ကြန်မဏ္ဍပ်များသို့ အကြိုနေ့မှစ၍ အကဲဖြတ်လျက်ရှိကြသည်။ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌လည်း ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များ၊ အဆိုတော်များနှင့် သင်္ကြန်လှပျိုဖြူများက မြို့တော်စည်ပင်တေးဂီတ၊ ခေတ်ပေါ်တေးဂီတတို့နှင့်တွဲဖက်၍ အဆို အတီး အက အလှများဖြင့် ညှော့်ခံဖျော်ဖြေကြရာ မန္တလေးမြို့တော်ဝန် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်းနှင့် ဇနီးနှင့်အဖွဲ့ဝင်များ၊ ညှော့်သည်တော်များ၊ အတွင်းရေးမှူး ဦးစန်းမောင်နှင့် ကော်မတီဝင်များ၊ စည်ပင်မိသားစုဝင်များက ကြည့်ရှုအားပေးကြပြီး သင်္ကြန်မဏ္ဍပ်ရှေ့တွင်လည်း အားပေးကြည့်ရှုကြသည့် သင်္ကြန်ချစ်သူ ပြည်သူများ တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ဘဝအမောပြေ

## ပြန်ပေးမယ် — အာကာဟိန်း - ရေးသားသည်

လန်ဒန်မြို့ရှိ ပုဂ္ဂလိကအထူးကုဆေးခန်းတစ်ခုသို့ လူနာတစ်ဦး ရောက်ရှိလာပြီး စုံစမ်းရေးကောင်တာတွင်ရှိသော သူနာပြုဆရာမတစ်ဦးအား မေးမြန်းလေသည်။

**လူနာ ။ ။ အထူးကုဆရာဝန်နဲ့ ကုသချင်လို့ပါ။**
သူနာပြု။ ။ အဲဒီအထူးကုဆရာဝန်နဲ့ကုသဖို့ ဆေးကုသရေးမှတ်တမ်းစာအုပ်အရင်လုပ်ရမယ်။
**လူနာ ။ ။ ဟုတ်ကဲ့ပါ။**
သူနာပြု။ ။ အဲ့ဒါဆိုရင်. . . စာအုပ်အတွက် ဒေါ်လာ ၂၀ ကျပါတယ်။
**လူနာ ။ ။ ဒီမှာ ကျသင့်ငွေ ဒေါ်လာ ၂၀ ယူပါ။**
သူနာပြု။ ။ ဟုတ်ကဲ့။
**လူနာ ။ ။ အထူးကုဆရာဝန်ကြီးနဲ့ ကုသလို့ရပြီလား။**
သူနာပြု။ ။ အခုအရေးပေါ် လူနာတစ်ဦးကို အခြားဆေးခန်းမှာသွားကုသနေပါတယ်။ နောက်နေ့မှလာပါ။
**လူနာ ။ ။ အဲ့ဒါတော့မဖြစ်ဘူး··· ကျွန်တော့်ရောဂါအခြေအနေက ဆိုးရွားနေတာမို့ နောက်နေ့အထိ အသက်ရှင်နိုင်ပါ့မလား တောင်မသိပါဘူး။**
သူနာပြု။ ။ ဒါဆိုရင်လည်း စိတ်မပူပါနဲ့. . . ဒီညမှာ ရှင်အဲဒီလိုဖြစ်သွားခဲ့ရင်. . . စာအုပ်ဖိုးငွေတစ်ဝက်ကို ပြန်ပေးပါ့မယ်။
**လူနာ ။ ။ "ဗျာ"**

## ပေးအပ်လှူဒါန်း

**နဝမအကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ရန်ကုန်မြို့ သိမ်ဖြူကွင်း၌ ကျင်းပလျက်ရှိရာ ကျင်းပရေးဆပ်ကော်မတီသို့ ဧပြီ ၁၂ ရက်တွင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းသဖြင့် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင် လက်ခံရယူစဉ်။** (မြန်မာ့အလင်း)

# ပျော်ရွှင်စွာဆင်နွှဲ အတာရေသဘင်ပွဲ

# ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား ရွှေကျင်မြို့နယ်၌ ကျင်းပ

**ရွှေကျင် ဧပြီ ၁၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အကြိုနေ့ သင်္ကြန်ဖွင့်ပွဲအခမ်းအနားကို ရွှေကျင်မြို့ ရှမ်း/ကြေးရပ်ကွက် လွတ်လပ်ရေးကျောက်တိုင်ရှေ့ရှိ ဗဟိုမဏ္ဍပ်၌ ဖွင့်ပွဲအခမ်းအနားကို ညနေ ၃ နာရီ မိနစ် ၃၀ က ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ စေတနာရှင် လုပ်ငန်းရှင်များ၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၊ သင်္ကြန်ချစ်သူ ပြည်သူလူထုများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ဖွင့်ပွဲ နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)** ထို့နောက် မြနန္ဒာသီချင်းဖြင့် သီဆိုဖြေဖျော်၍ ယိမ်းအကများ၊ ဖြေဖျော်မှုများဖြင့် ဖွင့်ပွဲအခမ်းအနား ဖွင့်လှစ်ပေးကြသည်။ ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်မြို့မှ (Forward) တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင်များ၊ ရုပ်ရှင်နှင့် ဗီဒီယို သရုပ်ဆောင်များဖြင့် ညပိုင်း ၇ နာရီခွဲအထိ သီဆိုဖြေဖျော်ခဲ့ခြင်းနှင့်အတူ မြို့ပေါ်ရပ်ကွက်များရှိ ရေကစားမဏ္ဍပ်များတွင်လည်း အတာရေကစားခြင်းကို အေးချမ်းပျော်ရွှင်စွာ ကစားလျက်ရှိကြောင်း သတင်းရရှိသည်။ **(၀၀၁)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဧပြီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက် ညနေ ၆ နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမရှေ့ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ယိမ်းအလှပျိုဖြူများ၊ အလှပြယာဉ်အဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြသည်။

## ဖွင့်လှစ်ပေး

ရှေးဦးစွာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီ၏ နှစ်သစ်ကူး အကြိုနှုတ်ခွန်းဆက် သဝဏ်လွှာကို ဖတ်ကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မန်းတောင်ရိပ်ခို သီချင်းဖြင့် ယိမ်းအလှပျိုဖြူလေးများက ကပြဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက သပြေခက်များဖြင့် အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

## အလှည့်ကျဖျော်ဖြေ

ယင်းနောက် အလှပြယာဉ်အဖွဲ့ (၁၁)ဖွဲ့က အလှည့်ကျဖျော်ဖြေကြပြီး ယိမ်းအလှပျိုဖြူလေးများကလည်း ပြန်လည်ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် ဧပြီ ၁၃

မကွေးတိုင်းဒေသကြီး ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ဖွင့်ပွဲကို ဧပြီ ၁၂ရက် ညနေ ၆နာရီတွင် မကွေးမြို့ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်ဇနီး ဒေါ်စမ်းစမ်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ၊ မကွေးခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ယိမ်းအလှအကအဖွဲ့များ၊ အလှပြယာဉ်များ၊ သင်္ကြန်ချစ်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်သစ်သို့ ကူးပြောင်းသော အခါသမယတွင် ပျော်ရွှင်ကြည်နူး၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြစေရန် ဆုမွန်ကောင်းပို့သကြောင်းဖြင့် နှုတ်ခွန်းဆက်စကားပြောကြားပြီး ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဝဲပုံ)

ထို့နောက် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များအား မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ သပြေခက်နှင့် ရေပက်ပြီး ယိမ်းအကအလှအဖွဲ့များ၊ အလှပြယာဉ်များက ညီမြ၊ ရွှေမန်းမာလာသင်္ကြန်သီချင်းများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရောဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက် ညနေ ၅ နာရီတွင် ပုသိမ်မြို့ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အကအဖွဲ့များ၊ သင်္ကြန်ချစ်သူပြည်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဗဟိုမဏ္ဍပ်ကို ဖွင့်လှစ်ပေးသည်။ (ယာပုံ)

ထို့နောက် ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် ကပြဖျော်ဖြေကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက နှုတ်ဆက်အားပေးကာ သင်္ကြန်ရေများ ပက်ဖျန်းပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ် တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

# တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁၃

ရှမ်းပြည်နယ် တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက် ညနေပိုင်းတွင် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့် တောင်ကြီးမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်တို့နှင့်အတူ မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

## အတာရေပက်ဖျန်း

ထို့နောက် သင်္ကြန်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး ယိမ်းအဖွဲ့များက ကပြဖျော်ဖြေရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက အတာရေပက်ဖျန်းကြသည်။

ယင်းနောက် တိုင်းရင်းသားငြိမ်းချမ်းရေးအတာသင်္ကြန်မဏ္ဍပ်သို့ သွားရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့မှ ဦးအောင်နိုင်တို့က သင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ယိမ်းအဖွဲ့နှင့် တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များ စုပေါင်း၍ မြနန္ဒာတေးသီချင်းဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ထဲရေးဝန်ကြီးဌာန အိပ်မက်သင်္ကြန်မဏ္ဍပ်၊ Golden Dragon Spring မဏ္ဍပ်ဖွင့်ပွဲများသို့ တက်ရောက်အားပေးကြသည်။

## ကပြဖျော်ဖြေ

ညနေ ၄ နာရီ ၁၅ မိနစ်ကလည်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ရွှေနေကြာ ရေကစားမဏ္ဍပ်ဖွင့်ပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စိန်မြင့်တို့က သင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မန်းတောင်ရိပ်ခိုသီချင်းနှင့်အတူ ယိမ်းအဖွဲ့များက ကပြဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် အတာရေ ပက်ဖျန်းပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရထားလမ်းတံတားပေါ် ဖြတ်ကူးသော မြေးအဘွားနှစ်ဦးအား စက်ခေါင်းမောင်း လက်ထောက်က သက်စွန့်ဆံဖျား ကယ်တင်ခဲ့ရ

ဒါးပိန် ဧပြီ ၁၃

ဧပြီ ၁၁ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က မော်လမြိုင်မှ ရန်ကုန်သို့ ပြေးဆွဲသည့် အမှတ်(၁၇၆)အစုန်ရထားသည် ဒါးပိန်ဘူတာအဝင် ရထားလမ်းတံတားပေါ်၌ လမ်းဖြတ်ကူးသူ မြေးအဘွားနှစ်ဦးအား စက်ခေါင်းမောင်း လက်ထောက်က ကယ်တင်ခဲ့ရကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဒါးပိန် (မြောက်ပိုင်း) လက်ပံတန်းရပ်ကွက်တွင် နေထိုင်သူ ဒေါ်မြင့်ကြည် အသက်(၆၂)နှစ်နှင့် မြေးတော်စပ်သူ မသဲစုဝင်း အသက်(၈) နှစ်တို့သည် ဒါးပိန်ဘူတာအဝင် ပေ ၁၂၀ ရှည်လျားသော ရထားလမ်းတံတားပေါ်သို့ ဖြတ်ကူးစဉ် မော်လမြိုင်မှ ရန်ကုန်သို့ ထွက်ခွာသည့် အမှတ်(၁၇၆)အစုန်ရထား စက်ခေါင်းမောင်း ဦးမင်းလွင်ထွန်း၊ စက်ခေါင်းမောင်းလက်ထောက် ဦးဌေးနိုင်တို့မှ တွေ့မြင်လျှင် တွေ့မြင်ချင်း သတိပေးဥသြဆွဲပြီးနောက် အရေးပေါ် ဘရိတ်ဆွဲ၍ ရပ်တန့်ရန်ကြိုးစားခဲ့သည်။

ရထားအားကျော်ပေး၍ တံတားပေါ်ဖြတ်ကူးသော မြေးအဘွားနှစ်ဦးမှ အနေဖြင့် ရုတ်တရက်ကြောက်လန့်ပြီး တံတားအလယ်၌ တစ်ဦးကိုတစ်ဦးဖက်၍ ရပ်နေခြင်း၊ ရထား၏ အရေးပေါ် ဘရိတ်ကို အသုံးပြုသော်လည်း ခုတ်မောင်းလာသည့် အရှိန်ကြောင့် လုံးဝမရပ်တန့်နိုင်ဘဲ အရှိန်လျော့နည်းသွားပြီး တိုက်မိတော့မည့် အနေအထားတို့ကြောင့် စက်ခေါင်းမောင်းလက်ထောက် ဦးဌေးနိုင်မှ စက်ခေါင်းအပြင်သို့ ထွက်၍ စက်ခေါင်းထိပ်သို့သွားရောက်ပြီး ၄င်းမြေးအဘွားနှစ်ဦးအား စက်ခေါင်းပေါ်မှ ခုန်ဆင်း၍ အမြန်တွန်းထုတ်ဖယ်ရှားခဲ့ရာ သုံးဦးစလုံး ၁၂ ပေအမြင့်ရှိ တံတားပေါ်မှ ရေထဲသို့ ပြုတ်ကျသွားခဲ့သည်။ စက်ခေါင်းမောင်း လက်ထောက်၏ သက်စွန့်ဆံဖျား ဆောင်ရွက်မှုကြောင့် မြေးအဘွားနှစ်ဦးနှင့် ၄င်းအပါအဝင် တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရမှုမရှိဘဲ အသက်ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ရထားများအနေဖြင့် သတ်မှတ်မိုင်နှုန်းဖြင့် ခုတ်မောင်းရာတွင် ရုတ်တရက် ရပ်တန့်နိုင်ခြင်းမရှိဘဲ လုံလောက်သည့် အကွာအဝေးသို့ရောက်ရှိမှသာ ရပ်တန့်နိုင်သဖြင့် ရထားလမ်းတစ်လျှောက် နေထိုင်သူပြည်သူများသည် ရထားလမ်းနှင့် တံတားများ ဖြတ်ကူးရာတွင် သတိနှင့်ဖြတ်ကူးရန်နှင့် လိုက်နာဆောင်ရွက်သင့်သည့်အချက်များကိုလည်း မြန်မာ့မီးရထားဘူတာရုံများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် အသိပေးကြေညာချက်များ ထားရှိကြေညာထားပြီးဖြစ်၍ လိုက်နာကြရန်လိုကြောင်း သိရှိရသည်။ (မြန်မာ့မီးရထား)

**လက်ဝဲဘက်မှ ယာဉ်ကျော်တက်ပါ လက်ယာဘက်မှ ကျော်မတက်ရ**

## သင်္ကြန်အမှတ်တရ အခန်းဆက် ဝတ္ထုရှည်

# နှလုံးသားထဲက သင်္ကြန်

တက္ကသိုလ်မောင်သုလှိုင်

*ယမန်နေ့ကအဆက်*

ဧပြီ ၁၃ ရက်၊ သင်္ကြန်အကျနေ့…။

ရေပက်ခံထွက်ကြမည်။ နံနက်မလင်းမီကတည်းက မေမေဒေါ်အိအိထွေး၊ မမခင်စောဦးနှင့် မိယောင်းတို့တစ်တွေ မီးဖိုချောင်ထဲတွင် အလုပ်ရှုပ်နေကြသည်။

ပိုင်ထူးဝေ အိပ်ရာမှထတော့ နံနက်စာက အသင့်ဖြစ်နေပြီ။

ကိုရီးယားပဲခေါက်ဆွဲတဲ့. . .။

မမ ခင်စောဦး လက်ရာလား၊ မိယောင်း လက်ရာလားတော့မသိ။ ကိုရီးယား ဇာတ်လမ်းတွဲတွေထဲမှာ မြင်ပြီးကတည်းက ပဲခေါက်ဆွဲကို စားချင်နေသည်မှာ ကြာခဲ့ပြီ။ အခုတော့ ကိုရီးယားသူလေး အရောက်တွင် ဆိုက်ဆိုက်မြိုက်မြိုက်စားရပြီ။

"ကဲ-သား- ရေပက်ခံထွက်တုန်းဆာနေမှာစိုးလို့ မေမေတို့ ကိုရီးယားပဲခေါက်ဆွဲလုပ်ထားတယ်။ မိယောင်းလက်ရာလေ. . မျက်နှာမြန်မြန်သစ်လိုက်. . ."

မေမေက စားဖွယ်များကို ပြင်ဆင်ရင်း ပိုင်ထူးဝေကို လှမ်းပြောသည်။

"ဟုတ်ကဲ့" ဆိုကာ ရေချိုးခန်းထဲ ပိုင်ထူးဝေ ဝင်သွားသည်။

စားပွဲဝိုင်းတွင် ဝင်ထိုင်တော့ ပဲခေါက်ဆွဲကိုစားရန် အသင့်အနေအထားအဖြစ် မိယောင်းကပြင်ဆင်ပေးသည်။

ပြီးနောက် မိယောင်းက "စားကြည့်လေ- မကြိုက်ရင်ပြောနော် ကိုကို" တဲ့. . .။

မိယောင်းပြင်ဆင်ပေးသော ပဲခေါက်ဆွဲကို စားကြည့်သည်။ တစ်လုပ်စားအပြီးတွင် မိယောင်းက "စားလို့ကောင်းလား"ဟု လှမ်းမေးသည်။ ပိုင်ထူးဝေက လက်မထောင်ရင်း ခေါင်းညိတ်ပြကာ "ကောင်းတယ် . . သိပ်ကောင်းတယ်"ဟု ပြောလိုက်သည်။

မိယောင်း ကျေနပ်သွားသည်။

"မိယောင်းတို့ကတော့ မောင်လေးကို အမှတ်တရတွေ ပေးနေပြီနဲ့ တူတယ်"ဟု မမခင်စောဦးက လှမ်းနောက်သည်။

မိယောင်း ပြုံးနေသည်ကို ပိုင်ထူးဝေ တွေ့လိုက်ရ၏။

ပြီးနောက် သူတို့တစ်တွေ သင်္ကြန်ရေပက်ခံထွက်ရန် ပြင်ဆင်ကြသည်။ ကားပေါ်တက်ခါနီးတွင် မေမေဒေါ်အိအိထွေးက လှမ်း၍ သတိပေးသည်။

"မင်းတို့ သိပ်နေမစောင်းစေနဲ့- ကားဆရာကိုလည်း ဖြည်းဖြည်းမောင်းခိုင်းဦး- မိယောင်းလည်း ရေမွန်းနေဦးမယ်နော်-"ဟူ၍။

ပြီးနောက် ရေပက်ခံကားကို အိမ့်နှန်းဆွေတို့အိမ်ဘက် ဦးတည်လိုက်သည်။ ပြီးလျှင် မမခင်စောဦး၏ သူငယ်ချင်းများကို ခေါ်မည်။ ပြီးတော့ ရန်ကုန်မြို့တစ်ပတ် ပတ်မည်။

အိမ့်နှန်းဆွေတို့ အိမ်ရောက်တော့ နံနက် ၈ နာရီထိုးနေပြီ။ အိမ့်နှန်းဆွေကို ဝါဝါမိုးနှင့်အတူ တွေ့ရသည်။

အိမ့်နှန်းဆွေက-

"ကိုပိုင်တို့ကလည်း နောက်ကျလိုက်တာ" ဟုဆိုကာ ကားပေါ်တက်ရန်ပြင်သည်။ ပါပလေကာနောက်ဖွင့်ဖြစ်၍ အိမ့်နှန်းဆွေ ကားပေါ်အတက်တွင် ပိုင်ထူးဝေက လက်ကမ်းကာ အိမ့်နှန်းဆွေ၏ လက်တစ်ဖက်ကို လှမ်းဆွဲသည်။ လက်ကိုလှမ်းဆွဲစဉ် အိမ့်နှန်းဆွေ ကားပေါ်အရောက်၌ အရှိန်လွန်ပြီး ပိုင်ထူးဝေရင်ခွင်ထဲ ရောက်သွားသည်။

"ဟဲ့-ဟဲ့-"ဟု မမခင်စောဦး လှမ်းသတိပေးလိုက်စဉ် မြင်ကွင်းကို မိယောင်းလှမ်းတွေ့လိုက်ရသည်။ ပိုင်ထူးဝေနှင့် အိမ့်နှန်းဆွေတို့ကတော့ အပြုံးမပျက်ရှိနေဆဲပင်-။

သည်မြင်ကွင်းကြောင့် မိယောင်းရင်ထဲမှဖြစ်အင်ကို မိယောင်းကိုယ်တိုင်ဝေခွဲမရမီတွင် သင်္ကြန်ကားက သိမ့်ခနဲထွက်သွားသည်။ လဲသွားမည် စိုး၍ အိမ့်နှန်းဆွေကို ပိုင်ထူးဝေ လှမ်းဖက်ကာ ထိန်းထားလိုက်သည်။

ဪ-နှလုံးသားတွေကို အလုပ်ပေးလိုက်သည့် လှပလွန်းသော သင်္ကြန်အကျနေ့ နံနက်ခင်းပေပဲ. . .။

ကောင်းကင်တွင် တိမ်တိုက်ဆင်နေသည်။ ယနေ့မနက် သင်္ကြန်လက်ဆေးမိုး ရွာသွန်းလေမလား။

မိုးရွာလိုက်လျှင်တော့ အေးသွားမည်။ သင်္ကြန်ချစ်သူများအတွက် အကြိုက်ပေပဲပေါ့. . .။

ယခုနှစ် ရန်ကုန်သင်္ကြန် ယမန်နှစ်တွေကထက် ပိုစည်မည်ဟု ကြားရသည်။ ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်များ ပိုများလာသည်ဟု ထင်ရသည်။ ကားလမ်းများပေါ်တွင် အလှပြကားများကိုလည်း တွေ့ရသည်။ သက်ဆိုင်ရာမဏ္ဍပ်အလိုက် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ထားရှိကြကြောင်း သိရသည်။ စည်းကမ်းရှိရှိ ပျော်ခြင်းသည် စိတ်ချမ်းမြေ့ဖွယ် ကောင်းလှပါ၏။

ပိုင်ထူးဝေတို့ ရေပက်ခံကား ကန်တော်ကြီးပတ်လမ်းရောက်တော့ မဏ္ဍပ်များဆီမှ တေးသံသာများနှင့်အတူ သင်္ကြန်ချစ်သူများဖြင့် စည်ကား၍နေလေပြီ။

သင်္ကြန်မြင်ကွင်းကို မြင်ရတော့ မိယောင်းပျော်နေသည်။ မဏ္ဍပ်များရှေ့အဖြတ် တစ်နေရာအရောက်တွင် "အိုး" ဟု ဆိုကာ ပိုင်ထူးဝေဘက် ယိုင်လဲလာသည်။ မဏ္ဍပ်ဆီမှ သင်္ကြန်ရေများ ထိုးပက်နေသည်။ မိယောင်းမွန်းပြီ။ မိယောင်းတစ်ယောက် ရေကို ရှောင်ရင်း ပိုင်ထူးဝေ ရင်ခွင်ထဲတိုးဝင်လာသည်။ ပိုင်ထူးဝေတစ်ဖက်လှည့်ကာ သူ့ကျောဖြင့် ရေကို ကာကွယ်ပေးထားလိုက်သည်။

မဏ္ဍပ်ကျော်တော့ မိယောင်းကို ရင်ခွင်ထဲမှ ဆွဲထူရင်း. . .

"မွန်းသွားသလား မိယောင်း" ဟု ပိုင်ထူးဝေဆိုလိုက်စဉ် မိယောင်းက "လန့်သွားတာပဲ ကိုကိုရယ်" ဟု ပြောကာ သူ့ကို စေ့စေ့ပြန်ကြည့်နေသည်ကို သတိထားမိလိုက်သည်။ ပြီးတော့ မိယောင်းက ထပ်ပြောလိုက်သေးသည်။

"နောက်ထပ်မွန်းမှာစိုးလို့ ကိုကို့နားမှာပဲ နေမယ်နော် " ဟု ဆိုသည်။

"နားလည်ပေးပါ အိမ့်နှန်းရယ်" ဟု ပိုင်ထူးဝေတစ်ယောက် အိမ့်နှန်းဆွေကို တစ်ချက်လှမ်းကြည့်ရင်း ရင်ထဲက စကားဆိုလိုက်သည်။

××××××××

နေ့လယ်ဘက်တွင် ကရဝိက်ဥယျာဉ်ထဲ ခဏနားကြသည်။ ဥယျာဉ်ထဲမှာတော့ သင်္ကြန်ရေပက်ခံသူများ အုပ်စုလိုက် အုပ်စုလိုက် နားနေကြသည်ကို တွေ့ရသည်။ ဝန်းကျင်မှာတော့ ငုဝါပင်များကို ဝါထိန်နေသောပန်းပွင့်များနှင့်အတူ လှပစွာ လှမ်းတွေ့နေရသည်။

အအေးဆိုင်တစ်ဆိုင်ထဲတွင် မမခင်စောဦးတို့ကို ထားခဲ့ပြီး ပိုင်ထူးဝေက "ကားစက်ထဲ ရေဝင်လို့ သွားကြည့်ပေးလိုက်ဦးမယ်" ဟုဆိုကာ ကားထားရာ နေရာဆီသို့ ပြန်သွားသည်။ အိမ့်နှန်းဆွေနှင့် ဝါဝါမိုးကတော့ "ဟိုနားသည်နား လျှောက်ကြည့်လိုက်ဦးမယ်" ဆိုကာ ဥယျာဉ်အတွင်းဘက်သို့ ထွက်သွားသည်။

အအေးဆိုင်ထဲက စားပွဲတစ်လုံးမှာတော့ မမခင်စောဦးနှင့် မိယောင်းတို့ နှစ်ယောက်တည်း. . .။

ထိုစဉ်ခဏ မိယောင်းက သူသိချင်သော သင်္ကြန်အကြောင်းကို မေးလိုက်သည်။

"ဆရာမ-သင်္ကြန်လို့ခေါ်တဲ့ ရေပက်ကစားတာဟာ မြန်မာပြည်မှာ ကြာပြီလားဟင် . . ."

"ကြာပြီ မိယောင်းရဲ့-ဟိုးရှေးနှစ်ပေါင်း များစွာကတည်းကပေါ့-ဆရာမတို့ဆီမှာ လစဉ်လတိုင်း ပွဲတော်တစ်ခုစီရှိကြတယ်။ ဒီသင်္ကြန်ပွဲကတော့ ဧပြီလရဲ့ ပွဲတော်ကြီးပေါ့-မြန်မာနှစ်သစ်ကူးပွဲတော်လို့လည်း ခေါ်တယ်- ပြောရရင်-နှစ်ဟောင်းက အညစ်အကြေးတွေကို ဒီသင်္ကြန်ရေနဲ့ဆေးပြီး နှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့ အလုပ်တွေကို ဆက်လုပ်ကြဖို့ပဲ ပေါ့ကွယ်. . ."

"ဟုတ်လား-ဆရာမ- ဒီသင်္ကြန်ပွဲက ပျော်ဖို့ကောင်းတယ်နော်"ဟု ဆိုပြီး အနီးဝန်းကျင်ကို ခေါင်းလေးငဲ့ကာ လှည့်ပတ်ကြည့်လိုက်သည်။

"ဘာလိုက်ရှာတာလဲ မိယောင်း"

"ကိုကိုပိုင်ထူးဝေရော မတွေ့ပါလား. . ."

" ခုနကပဲ ဆရာမကိုပြောသွားတယ်၊ ကားစက်ထဲရေဝင်လို့တဲ့ -အဲဒါသွားကြည့်တယ်။ ပြန်လာမှာပါ " ဟု ဆိုလိုက်သည်။

ပြီးနောက် မိယောင်းက-

" ဆရာမကို တစ်ခုမေးချင်တယ်"

" မေးလေ. . . မိယောင်း. . ."

" ကိုကို ပိုင်ထူးဝေနဲ့ မမအိမ့်နှန်းဆွေတို့က ချစ်သူတွေလားဟင်. . . . "

မိယောင်းတစ်ယောက်မည်သို့သော ရည်ရွယ်ချက်ဖြင့် မေးမှန်းမသိသော်လည်း မေးလာတော့ ခင်စောဦး တစ်ယောက်ဖြေရပြီ။

" ချစ်သူတွေတော့ မဟုတ်ဘူးနဲ့တူပါတယ်။ ဒါပေမယ့် သူတို့တစ်တွေက ကျောင်းနေဖက်တွေလေ- ဆရာမက ရောက်တာမကြာသေးတော့ အကြောင်းစုံကို မမေးမိသေးပါဘူး၊ ဘာဖြစ်လို့ မေးတာလဲ မိယောင်း. . ."

" ဪ-ဘာရယ်လို့ မဟုတ်ပါဘူး အရမ်းရင်းနှီးတာတွေ့လို့ပါ. . . "

မိယောင်းတစ်ယောက် မေးတော့မှ ခင်စောဦး သတိထားမိသည်။ မောင်လေးပိုင်ထူးဝေနှင့် အိမ့်နှန်းဆွေတို့ သာမန်ထက် ရင်းနှီးနေသည်ကတော့ အမှန်။ ကိုရီးယားမပြန်ခင်တော့ မေးရဦးမည်ဟု ခင်စောဦး စိတ်ကူးလိုက်မိသည်။

××××××××

တစ်နေ့လုံး မဏ္ဍပ်ကို မရောက်ဖြစ်ခဲ့သည်မို့ ထူးထူးမောင်တို့အဖွဲ့ အဆင်မှ ပြေကြရဲ့လားဟု ပိုင်ထူးဝေ စိတ်ပူမိသည်။

ညပိုင်း ဖျော်ဖြေရေးအစီအစဉ်အတွက်တော့ မဏ္ဍပ်ကို ပိုင်ထူးဝေသွားရမည်။ မိယောင်းကိုလည်း ပရိသတ်က မျှော်နေပေမည်။ အကြိုနေ့ကတည်းက နာမည်ရခဲ့သော မိယောင်းတစ်ယောက် မြန်မာပရိသတ်၏ အားပေးမှုကို ထူးထူးခြားခြားခံစားမိနေပြီ။

ညဘက်ဆိုတော့ မိယောင်း အဖော်ရအောင် မမခင်စောဦးကို ခေါ်သွားမည်ဟု စိတ်ကူးခဲ့ပေမယ့် မမက တစ်နေ့လုံးပင်ပန်းလို့ နားချင်ပြီတဲ့လေ. . .။ ဒါ့ကြောင့် သည်နေ့ညဖျော်ဖြေရေးအတွက် မိယောင်းနှင့် နှစ်ယောက်တည်း မဏ္ဍပ်ဆီသို့ ကားဖြင့်ထွက်ခဲ့ကြသည်။

မဏ္ဍပ်အနီးအရောက် ကားကိုရပ်ပြီး မဏ္ဍပ်ဘက် လျှောက်ဝင်မည်လုပ်တော့ ပရိသတ်အချို့ မိမိတို့ကားဆီသို့ တိုးဝင်လာသည်ကို သတိထားမိလိုက်သည်။ နှုတ်ကလည်း "လီယောင်းဝမ်. . ."ဟု ခေါ်ကာ အားပေးသံကို ကြားလိုက်ရသည်။ ကိုရီးယားသူလေး လီယောင်းဝမ်ရဲ့ မြန်မာပြည်က ပရိသတ်တွေလေ. . .။

သည်တစ်ခါတော့ ပိုင်ထူးဝေ တစ်ယောက် မိယောင်း၏ ကိုယ်ရံတော်ဖြစ်သွားခဲ့ရပြီပေါ့။ သူ့ကို အကာအကွယ်ပေးပြီး မဏ္ဍပ်ဘက်ဆီသို့ တိုးလာခဲ့သည်။ မိယောင်းကလည်း ပိုင်ထူးဝေ၏ ရင်ခွင်ထဲတိုးဝင်ကာ ပါလာခဲ့သည်လေ. . .။

မဏ္ဍပ်အနီးရောက်တော့ ထူးထူးမောင်က "မင်းတို့ ဒီနေ့အဆင်ပြေကြရဲ့လား"ဟု ဘယ်အဓိပ္ပာယ်ကို ဆိုလိုမှန်းမသိ လှမ်းမေးလိုက်သေးသည်။

"အေးပါ-ပြေပါတယ်"ဟု ပိုင်ထူးဝေ ပြောလိုက်သော်လည်း ထူးထူးမောင် မျက်နှာကတော့ သူတို့နှစ်ဦးကို ကြည့်ပြီး ပြုံးဖြီးဖြီး. . .။

"ကဲ-ကိုယ့်လူ ယုန်ထင်ကြောင်ထင်နဲ့ ပြုံးဖြီးဖြီးလုပ်မနေနဲ့-ဒီနေ့ စောစောဆိုမယ့် အစီအစဉ်ထဲ ငါတို့ကိုထည့်ပေး- မိယောင်းတစ်နေကုန် ပင်ပန်းလာတယ် - စောစောနားရအောင်လို့"

"အိုကေ"ဟုဆိုကာ ထူးထူးမောင် စင်ပေါ်ပြန်တက်သွားသည်။

ချက်ချင်းပင် ထူးထူးမောင်က ပိုင်ထူးဝေတို့၏ အဆိုနှင့် အကအစီအစဉ်ကို ကြေညာလိုက်သည်။ ပရိသတ်များ၏ သြဘာသံများ ထွက်ပေါ်လာသည်။

အနုပညာအတွက်ဆို မောရမှန်းမသိ။ အနုပညာမောင်နှမ လိုက်ဖက်ညီလှစွာဖြင့် ဆိုနေ၊ ကနေကြပြီ။

သည်အဆို၊ သည်အကလေးများသည်ပင် နောင်သောအခါ မမေ့နိုင်သည့် နှလုံးသားထဲက အမှတ်တရလေးတွေဖြစ်လာမည်ကို ယခုအခါ သူတို့တစ်တွေ တွေးမှ တွေးမိပါလေစ. . .။

××××××××

မဏ္ဍပ်က သူတို့ပြန်ထွက်တော့ ည ၁၀ နာရီထိုးခါနီးပြီ။ ပိုင်ထူးဝေက ပရာဒိုကားကို သူကိုယ်တိုင်မောင်းသည်။ မိယောင်းတစ်ယောက် မဏ္ဍပ်က ထွက်လာကတည်းက ငြိမ်၍ လိုက်ပါလာသည်။

အနည်းငယ်ကြာတော့ သိလိုသော မေးခွန်းတစ်ခုကို မိယောင်း မေးလိုက်သည်။

"ကိုကို"

"ပြောလေ မိယောင်း"

"မေးစရာတစ်ခုရှိတယ်- မေးရမှာလားဟင်-"

"မေးစရာရှိရင်မေးပေါ့- ဖြေမယ်လေ. . ."

ကားမောင်းရင်း ရှေ့တူရူသို့ကြည့်၍ ပိုင်ထူးဝေက ဖြေလေသည်။

"မမအိမ့်နှန်းဆွေနဲ့ ကိုကိုနဲ့က ချစ်သူတွေလားဟင်. . ."

ပိုင်ထူးဝေ မည်သို့ဖြေရမည်နည်း. .။ ချစ်သူတွေလို့ ဖြေရမှာလား. .။ ဤသို့လည်း မဟုတ်သေး . .။ ချစ်ရေး ဆိုထားသည်ကတော့ အမှန်။ ဤသို့ပင် ဖြေရမည်လား. . .။

"ကိုကို ဘာတွေစဉ်းစားနေတာလဲ- ဖြေရခက်နေလို့လား- အမှန်အတိုင်းဖြေပေါ့- နေ့လယ်တုန်းက ဆရာမကို မေးတော့ ကိုကိုနဲ့ မမအိမ့်နှန်းဆွေက ကျောင်းနေဖက်တွေတဲ့"

'ဪ-ဪ-ဟုတ်တယ်-ဟုတ်တယ်-မမပြောတဲ့အတိုင်းပဲ- ကျောင်းနေဖက်တွေ-ကျောင်းနေဖက်. . . "

ချော်လဲ ရောထိုင်သလိုများ ဖြစ်သွားပြီလား၊ လောလောဆယ် ဒါကအမှန်ပဲလေ။ ဒါမှမဟုတ် မှားများသွားပြီလား. .။ **(ဆက်လက်ဖော်ပြပါမည်)**

## အလှသင်္ကြန် မြန်မာ့ဟန်

* ပန်းပိတောက်ဝါ
လျှမ်းတောက်ကာ ဝင်းဖန့်အသွေးတွေနဲ့
လမ်းတစ်လျှောက်မှာ သင်းပျံ့မွှေးပါဘိ
ဆင်းရန့်လေးတွေနဲ့ အလှဝေဖြာ။

* လွမ်းစရာ့နွေမှာ
နှမ်းလျပြေစရာ ဆင်ယင်နွှဲပါတဲ့
တာသင်္ကြန်ရေသဘင်ပွဲတွေနဲ့
ခြိမ့်သဲလို့ပျော်ရွှင်စွာ။

* တစ်နှစ်ပြောင်းပြန်တော့
အညစ်အဟောင်းတွေ လွင့်ပြယ်ကြပါလို့
အသစ်အကောင်းတွေ တင့်တယ်ရစေမပေါ့
ဝင့်ထည်စွာရိုးရာဓလေ့တွေနဲ့
ပျော်မွေ့ပါတဲ့ အလှသင်္ကြန်ပေ
မြန်မာ့ဟန်တွေနဲ့ ဂုဏ်မြင့်မား။

* တိုင်းရင်းမြန်မာ
ရိုင်းပင်းကာသစ္စာတရားတွေနဲ့
ဆပ္ပါးကာ အတွေးအယူမျှပါလို့
ပေးလှူကြတာ မြတ်ဒါနပါပဲ
သီလယူကာ ဘာဝနာအလုပ်တွေနဲ့
အားထုတ်ကာကုသိုလ်ပြုပြန်တော့
သာဓုသံညံမစဲပါဘူး
သင်္ကြန်ပွဲမှာ ကြည်ရွှင်လန်းပါလို့
ပန်းရွှေဝါပိတောက်တွေပွင့်သလိုပ
ထူးတင့်စွာမင်္ဂလာအပေါင်းတွေနဲ့
ခညောင်းကာရွှင်ပျော်တဲ့ပွဲကို
နွှဲကြစို့လား။ ။

ညွန့်လှိုင်ဝင်း(ကွမ်းခြံကုန်း)

မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းများအတွက် သင်္ကြန်ကာလ ထောက်ပံ့ငွေနှင့် ရုံးဝတ်စုံထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၁၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်းက ဝန်ထမ်း ၃၆ ဦးအတွက် ထောက်ပံ့ငွေနှင့် ဝတ်စုံစရိတ် စုစုပေါင်း ငွေကျပ် ၈၁၂၀၀၀ ထောက်ပံ့ပေးအပ်စဉ်။ (မြန်မာ့အလင်း)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၂) ရပ်ကွက် ကာယသုခလမ်းနေ ဖခင်ကြီး ဦးမြင့်ဦး၊ မိခင်ကြီး ဒေါ်ခင်စန်းဝင်းတို့အား အမှူးထား၍ (သမီး)မသော်သော်မြင့်ဦး၊ (သား)မောင်ပြည့်ဖွားပိုင် မောင်နှမတို့က တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးအာဟာရပဒေသာပင်အတွက် ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးထွန်းကြိုင် လက်ခံယူစဉ်။ (၀၀၉)

ဧပြီ ၁၃ ရက် (သင်္ကြန်အကျနေ့)က သာကေတမြို့နယ် ဇရာဝဏ်လမ်း ရန်ကုန်အရှေ့ပိုင်းခရိုင် မြန်မာ့ရိုးရာမဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင် ယိမ်းအကအဖွဲ့များက သီဆိုကပြဖျော်ဖြေကြစဉ်။ (၀၂၅)

## ပိတောက်တွေရွှေရည်လူးသည့် မြန်မာ့နှစ်ဦးသင်္ကြန်

**ကျော်မင်းခေါင်**

**မြူးကြွတဲ့တေးသံ ××× ပျံ့လွင့်လို့နေ ×××**
**ကူးပြောင်းစ တန်ခူးလေမှာ ××× တစ်ယောက်တစ်လှည့်မို့လှမ်းကာ×××**
**ဖျန်းပက်ကြစဉ် ××× ပိတောက်ဖူးလေးတွေ ××× ပန်ဆင်ထားသူရေ ×××**
**ခေါင်းကလေးမော့လို့ ××× ပိတောက်ဖူးလေးတွေ ပန်ဆင်ထားသူရေ ×××**

မြူးကြွသည့် 'သင်္ကြန်မိုး' တေးသံသည် ဝန်းကျင်တစ်ခိုလွင့်ပျံ့လျက်ရှိချေပြီ။ သင်္ကြန်၏ နိမိတ်ပုံရိပ်ဖြစ်သည့် ရွှေဝါပိတောက်တို့လည်း ပင်ယံထက်တွင် ဖူးတံဝင့်ချီလျက်ရှိနေပေပြီ။ ယခုအခါ. . . မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးကို အမိနိုင်ငံတော်တစ်ဝန်း တောင်ပေါ် မြေပြန့်ဒေသအနှံ့၌ သွေးချင်းပြည်သူတို့ ပျော်ရွှင်စွာဆင်နွှဲနေကြသည်။ ယခုနှစ် ၂၀၁၂ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလသည် အကြိုနေ့မှသည် အတက်နေ့အထိ သင်္ကြန်ကာလငါးရက်ဖြစ်၍ သင်္ကြန်ချစ်သူ ပြည်သူအပေါင်းတို့ ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးကို အားပါးတရ ဆင်နွှဲနိုင်ကြသည်။

မြန်မာတို့၏ သင်္ကြန်ပွဲတော်ကို ရှေးမြန်မာမင်းများလက်ထက် ပုဂံခေတ်ဦးမှစ၍ ရိုးရာမပျက် ဆင်နွှဲကျင်းပလာကြသည်မှာ ယခုမျက်မှောက်ကာလထိတိုင် ဖြစ်သည်။ သင်္ကြန်ဟူသည် သင်္ကြန္တဟူသော သက္ကတပုဒ်မှ ဆင်းသက်လာခြင်းဖြစ်၍ အနက်အဓိပ္ပာယ်မှာ ကူးပြောင်းခြင်းဖြစ်သည်။ မြန်မာ့လောကီအလိုအရ သင်္ကြန်နှစ်မျိုးရှိကြောင်း မှတ်သားရသည်။ ယင်းသင်္ကြန်နှစ်မျိုးမှာ စူဠသင်္ကြန်နှင့် မဟာသင်္ကြန်ဟူ၍ ဖြစ်သည်။ စူဠသင်္ကြန်မှာ တစ်လမှ တစ်လသို့ ကူးပြောင်းခြင်းဖြစ်ပြီး မဟာသင်္ကြန်မှာ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းခြင်းပင်ဖြစ်သည်။ မြန်မာတို့၏ ပျော်ရွှင်ဖွယ်ရာ ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ဆယ့်နှစ်လရာသီ တစ်နှစ်တာ ကုန်ဆုံး၍ နှစ်သစ်သို့ကူးပြောင်းသော တန်ခူးလတွင် ကျင်းပကြသည်။ တန်ခူးလသည် အပူရှိန်မြင့်မားသောလဖြစ်၍ ပြင်းပြသော နွေ၏အပူဒဏ်ကို အေးမြသော သင်္ကြန်ရေဖြင့် ပက်ဖျန်းပေးပြီး အေးချမ်းလန်းဆန်းမှုကို ရရှိစေလိုခြင်း၊ နှစ်ဟောင်းအညစ်အကြေးများ နှစ်သစ်အတာရေဖြင့် ဆေးကြောသန့်စင်ပေးပြီး နှစ်သစ်မင်္ဂလာကို စိတ်သစ်၊ လူသစ်ဖြင့် ကြိုဆိုခြင်းတို့သည် မြန်မာ့သင်္ကြန်ရေသဘင်ပွဲတော်၏ လေးနက်အဓိပ္ပာယ်ရှိသော ရည်ရွယ်ချက် အနှစ်သာရများပင်ဖြစ်သည်။

ရှေးမြန်မာမင်းများလက်ထက်က အချို့သောမင်းတို့သည် နိုင်ငံတော်အေးချမ်းသာယာစေရန်ရည်ရွယ်၍သင်္ကြန်ကာလ မဟုတ်စေကာမူ ယတြာချေသည့် သဘောဖြင့် ယတြာသင်္ကြန်ဆိုသည်ကို ဆင်နွှဲကျင်းပလေ့ရှိကြသည်။ ထို့ပြင် လာမည့်နှစ်သစ်၏ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စစ်မက်ရေးရာနှင့် မိုးလေဝသစသည်တို့၏ အဆိုး၊ အကောင်းစသည်တို့ကိုလည်း ဂြိုဟ်သွား ဂြိုဟ်လာ၊ ကောင်းကင်နက္ခတ်တို့နှင့် တိုက်ဆိုင်တွက်ချက်ပြီး ပညာရှိ ပုဏ္ဏားတို့က သင်္ကြန်စာကို ရေးသားထုတ်ဝေကာ တိုင်းသူပြည်သားများသို့ ဖြန့်ချိရသည်။

ရှေးမြန်မာအစဉ်အဆက်ကျင်းပလာခဲ့ကြသော မြန်မာ့သင်္ကြန်ပွဲတော်သည် မြန်မာတို့၏ နူးညံ့သိမ်မွေ့သော ယဉ်ကျေးမှုပုံရိပ်များ၊ ဒါနကုသိုလ်များဖြင့် ထုံမွမ်းသော ဘာသာရေးပုံရိပ်များဖြင့် လွှမ်းခြုံထားသည့်အတွက် မြန်မာ့သင်္ကြန်ပွဲတော်ကို ထိတွေ့သိမြင်ကြသော နိုင်ငံရပ်ခြား တိုင်းတစ်ပါးသားတို့ကပင် ယင်းတို့၏မှတ်တမ်းများ၌ လေးလေးစားစားမှတ်တမ်းပြုခဲ့ရသည်အထိ မြန်မာ့သင်္ကြန်ပွဲတော်၏ ယဉ်ကျေးသိမ်မွေ့သောအလှတရားက ကျော်ကြားထင်ရှားခဲ့သည်။ သို့သော်. . . ခေတ်ရေစီးကြောင်းများ ပြောင်းလဲလာခဲ့သည်နှင့်အမျှ မြန်မာတို့၏ နှစ်ကူးအတာရေသဘင်ပွဲတော်၌ သိမ်မွေ့လှပသော ရိုးရာယဉ်ကျေးမှုပုံရိပ်များ တစ်စတစ်စနှင့် ကွယ်ပျောက်လာခဲ့သည်။ မူးယစ်ရမ်းကားခိုက်ရန်ဖြစ်ပွားမှုများ၊ တစ်ဖက်သား ဒဏ်ရာအနာတရဖြစ်စေရန် ကြမ်းတမ်းသောရေကစားမှုများနှင့် ဝတ်စားဆင်ယင်မှုအပိုင်းတွင်လည်း "ဒါမြန်မာပါ"ဟု ပြောလျှင်ပင် ယုံနိုင်ဖွယ်ရာမရှိသော ဟီရိဩတ္တပ္ပကင်းမဲ့သည့် ဝတ်စားဆင်ယင်မှုများဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်အလှကို ရိုက်ချိုးဖျက်ဆီးလာခဲ့ကြသည်။ စင်စစ်အားဖြင့် မြန်မာ့သင်္ကြန်ပွဲတော်သည် ရည်ရွယ်ချက်အားဖြင့် လေးနက်မြင့်မားသလို မြန်မာတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ထုတ်ပြသသော ပျော်ရွှင်ဖွယ်ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည်နှင့်အညီ ပါဝင်ဆင်နွှဲကြသော မြန်မာလူငယ်၊ လူရွယ်၊ အမျိုးသား၊ အမျိုးသမီးတို့အနေနှင့် မြင့်မားသော အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ဆင်နွှဲကြမည်ဆိုလျှင် မြန်မာ့သင်္ကြန်ပွဲတော်၏ ယဉ်ကျေးမှုအလှသည် ထာဝရတည်တံ့နေလိမ့်မည် ဖြစ်ပါသည်။

မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် တန်ခူးလတွင်ကျင်းပသော မဟာသင်္ကြန်ရေသဘင်ပွဲတော်သည်ကား လူကြီး၊ လူငယ်၊ ကလေးသူငယ်မှအစ အရွယ်အားလုံး ခုံမင်နှစ်ခြိုက်ကြသော ပွဲတော်ကြီးဖြစ်သည့်အလျောက် တောင်ပေါ်၊ မြေပြန့်၊ မြို့ပြ၊ ကျေးလက်ပါမကျန် ပျော်ရွှင်စွာဆင်နွှဲလေ့ရှိကြသည့် ရိုးရာယဉ်ကျေးမှုပွဲတော်ကြီးတစ်ခုပင်ဖြစ်သည်။ နှစ်ဦး၊ နှစ်စတွင် ကျင်းပသော မြန်မာ့သင်္ကြန်ပွဲတော်၏ မြတ်နိုးဖွယ်ရာထူးခြားမှုတစ်ခုမှာ ကောင်းမှုကုသိုလ်များဖြင့် ဝေဝေဆာဆာရှိနေခြင်းပင်ဖြစ်သည်။ သင်္ကြန်ရက်များမှသည် နှစ်ဆန်းတစ်ရက်နေ့ထိတိုင် ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများအားထုတ်ခြင်း၊ ရဟန်းခံရှင်ပြု ပြုလုပ်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ သက်ရွယ်ကြီးရင့် ဘိုးဘွားများအား ခေါင်းလျှော်ပေးခြင်း၊ လက်သည်း၊ ခြေသည်း ညှပ်ပေးခြင်း၊ ကြက်၊ ငှက်၊ ကျွဲ၊ နွား၊ ဆိတ်၊ ငါး စသည့် သတ္တဝါများအား ဘေးမဲ့လွှတ်ပေးခြင်း စသည့် ကုသိုလ်ကောင်းမှုတို့ကို အားတက်သရော ပြုလုပ်ကြသည်မှာ မြန်မာ့သင်္ကြန်ပွဲတော်၏ ထူးခြားသော ဝိသေသလက္ခဏာတစ်ခုပင် ဖြစ်သည်။ ဒါနရိပ်လွှမ်းသော ပျော်ရွှင်ဖွယ် မြန်မာ့သင်္ကြန်ပွဲတော်မြင်ကွင်းတစ်ခုကို မြန်မာ့ကဗျာ စာဆိုဆရာဇော်ဂျီက တစ်ခုသောသင်္ကြန်အခါကဗျာ၌ "နှစ်သစ်ကူးတဲ့ တန်ခူးခါမှာ ဒါနကတဝေဝေ၊ ရေတွေက တရွှဲရွှဲ၊ ပျော်ပွဲကတဝင့်ဝင့်၊ ကဲလို့သာ ဆင့်ရော၊ အရွယ်သင့်၊ အရွယ်ငယ်၊ မြန်မာတွေ ထည်လိုက်ကြ"ဟု မှတ်တမ်းပြုခဲ့သည်။

ရှေးမြန်မာအစဉ်အဆက်တို့သည် သင်္ကြန်ပွဲတော်ရက်များအတွင်း၌ (၁) ငိုကြွေးပူဆွေးခြင်း၊ (၂) မေထုန်သံဝါသပြုခြင်း၊ (၃) အသားဟင်းလျာ စားသောက်ခြင်း၊ (၄) အရက်သေစာ သောက်စားခြင်း၊ (၅) အမျက်ထွက်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ (၆) သွေးဖောက်၊ သွေးထုတ်ခြင်း၊ (၇) ဆီလိမ်း၊ ဆေးလိမ်းခြင်း၊ (၈)သစ်ပင်ဖြတ်ခြင်း၊ ထင်းခုတ်ခြင်း၊ (၉) ဝယ်ယူခြင်း၊ ကျီသွင်းခြင်း၊ (၁၀) ရောင်းချခြင်း၊ ဆိုင်ထွက်ခြင်း စသည့်အချက် ၁၀ ချက်ကို အလေးအနက်ထား ရှောင်ကြဉ်ကြသည်။ ထိုသို့ သင်္ကြန်ရက်များအတွင်း ရှောင်စရာအချက် ၁၀ ချက်နှင့် ပတ်သက်၍ အင်းသားစာဆိုထွက် ထင်ကြီးဆိုသူက လွန်ခဲ့သော နှစ်ပေါင်း၂၀၀ ကျော် သက္ကရာဇ် ၁၇၈၆ ခုနှစ်က ၎င်းရေးသားထုတ်ဝေခဲ့သော သင်္ကြန်စာတွင်. . . **"သင်္ကြန်နေ့၌ မမေ့စိမ့်ဌာ ရှောင်ကြဉ်ရာသည်ကား၊ ဈေးနာရောင်းဝယ်၊ ကြွေးဆယ်မြီချ၊ မာန်ဒေါသနှင့် ကာမရှောင်ရှား ခရီးသွားတို့ သားငါးမြင်းဆင်၊ သစ်ပင်ခုတ်ဖြတ်၊ ပုတ်ခတ်ငိုကြွေး၊ ကိုယ်သွေးယူခြင်း၊ ဆီနှင့်နှင်းနှင့် သောက်ခြင်းသေစာ၊ ဆယ်ပါးသောအမှုတို့ကို ရှောင်ကုန်ရာ၏။ မရှောင်မကြဉ်သော သူတို့သည်ကား နတ်တို့မစောင့်ကုန်၊ ထို့ကြောင့် ကောင်းစွာရှောင်ကုန်ရာ၏"** . . . ဟု ရေးသားဖော်ပြခဲ့သည်။ ထိုကဲ့သို့ ရှေးအစဉ်အဆက်ကတည်းက ရှောင်ကြဉ်လာခဲ့ကြသော သင်္ကြန်ရက်များအတွင်း ရှောင်စရာအချက်များကို မျက်မှောက်ကာလထိတိုင် ရှမ်း၊ ဓနု၊ အင်းသားစသည့် သွေးချင်းတို့၏ ကျေးလက်များ၌ လိုက်နာရှောင်ကြဉ်လျက်ရှိကြသေးသည်ကို တွေ့ရှိနိုင်သည်။ ဒါနရိပ်လွှမ်းသော ကျေးလက်သွေးချင်းတို့၏ သင်္ကြန်ပွဲကာလများသည်ကား ပျော်ရွှင်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ဖြူစင်ခြင်းစသည့် ကောင်းမြတ်မှုများနှင့် ပြည့်စုံလျက်ရှိသည်ကို ယခုကာလတိုင် လေ့လာတွေ့မြင်နိုင်ပါသည်။

အချုပ်ဆိုရသော် . . . သန့်ရှင်းမွန်မြတ်သော ရည်ရွယ်ချက် အနှစ်သာရများဖြင့် အစဉ်အဆက်ကျင်းပလာခဲ့ကြသည့် မြန်မာအတာရေသဘင်ပွဲတော်သည် မြန်မာတို့၏ ယဉ်ကျေးမှုပွဲတော်ကြီးတစ်ခုအဖြစ် အိမ်နီးချင်းနိုင်ငံများသို့တိုင်ထင်ရှားကျော်ကြားခဲ့သည်ဖြစ်ရာ. . . မျက်မှောက်ကာလ မြန်မာ့ရေသဘင်ပွဲတော်ကို နွှဲပျော်လျက်ရှိသည့် မြန်မာလူငယ်၊ လူရွယ်၊ မောင်မယ်တို့အနေဖြင့် မြန်မာ့ရေသဘင်ပွဲတော်၏ ကောင်းမြတ်သော ယဉ်ကျေးမှုအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းသွားကြရန် လိုအပ်ပါ၏။ ထို့ကြောင့် . . . ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာရေသဘင်ပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲနေကြသော မြန်မာလူငယ်၊ လူရွယ်၊ မောင်မယ်တို့သည်. . . **မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ နေထိုင်ပြုမူမှုများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူနှင့် ဝတ်စားဆင်ယင်မှုများ၊ သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ၊ နိုင်ငံတော်အစိုးရ၏ ဂုဏ်သိက္ခာပျက်ပြားစေပြီး နိုင်ငံတော်အစိုးရအပေါ် အကြည်ညိုပျက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်း စသည့် အပြုအမူများကို ရှောင်ကြဉ်ကြပြီး** မြန်မာ့အတာရေသဘင်ပွဲတော်ကြီးကို ပျော်ရွှင်ယဉ်ကျေးစွာဆင်နွှဲရင်း . . . အမိဒီမိုကရေစီနိုင်ငံတော်သစ်ကြီး၏ မင်္ဂလာနှစ်သစ်ကို ကြိုဆိုကြပါစို့ဟူ၍ ဆန္ဒပြုလိုက်ပါသည်။ ။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း ပဲခူးမြို့ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် မဟာသင်္ကြန်ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဧပြီ ၁၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဧပြီ ၁၂ ရက် ညနေ ၄ နာရီခွဲတွင် ပဲခူးမြို့ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ နှစ်သစ်အကြို နှုတ်ခွန်းဆက်စကားပြောကြားပြီး အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခို သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ပဲခူးမြို့သူ မြို့သားများ ရေကစားမဏ္ဍပ်၊ တိုင်းဒေသကြီး ဆက်သွယ်ရေးလုပ်ငန်းမိသားစု ရေကစားမဏ္ဍပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာန မိသားစုရေကစားမဏ္ဍပ်နှင့် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမိသားစု ရေကစားမဏ္ဍပ်များသို့ သွားရောက်၍ ရေကစားမဏ္ဍပ်များကို ဖွင့်လှစ်ပေးကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဧပြီ ၁၁ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော် (၂၅၉၄) နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ပိတ်ပွဲအခမ်းအနားသို့တက်ရောက်၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျန်းမာရွှင်လန်းကြစေသော်

*** လမ်းတစ်လျှောက်ဝယ်၊**
**ပိတောက်နှင့်ငု၊ အပြိုင်လု၍**
**သွေ့ထက်ငါလျှင်၊ ဝါရွှေဆင်၏။**
*** ရွှေရင်ခတ်ပန်း၊ ကံ့ကော်ပန်းတို့**
**ကြိုင်လှိုင်လျှမ်းဝေဖြာ၊ ရနံ့သာ၏။**
*** နွေကိုအန်တု၊ သစ်ရွက်နုလည်း**
**ပူမှုမထင်၊ အေးရိပ်ဆင်၏။**
*** ဟိုပင်အိုထက်၊ ဥသြငှက်လည်း**
**နှစ်သက်ဖွယ်လို၊ လွမ်းဖွယ်လိုလျှင်**
**နွေကိုကြိုလင့်၊ တေးသံဆင့်၏။**
*** ကျူးရင့်သံပျိုး၊ ငှက်ရွှေချိုးလည်း**
**ဘမျိုးဘိုးတူ၊ တကူကူးကူ၏။**
*** နွေပူလေပူ၊ ဘယ်မျှပူလည်း**
**အပူဝေးစေ၊ အေးမြစေဟု**
**စေတနာကောင်း၊ ရေစင်လောင်းသော်**
**နှစ်ဟောင်းညစ်ကြေး၊ သန့်စင်ပေးသို့**
**ရင်အေးစိတ်လန်း၊ ပွင့်သစ်ပန်းသို့**
**ရွှင်လန်းတက်ကြွ၊ ပျော်မြူးကြ၏။**
*** တီးကြမှုတ်ကြ၊ ကခုန်ကြနှင့်**
**စကြနောက်ကြ၊ ရွှင်မြူးကြနှင့်**
**လှူကြတန်းကြ၊ ဝမ်းသာကြ၏။**
*** မြန်မာ့ရိုးရာ၊ သင်္ကြန်ခါဝယ်**
**မေတ္တာရေစင်၊ သွန်းပွဲဆင်၍**
**ချစ်ခင်စည်းရုံး၊ တပြုံးပြုံးလျှင်**
**ပြည်လုံးဆင်နွှဲ၊ ခြိမ့်ခြိမ့်သဲကို**
**လှိုက်လှဲဝမ်းသာ၊ ဂုဏ်ပြုပါသည်**
**ကျန်းမာရွှင်လန်းကြစေသတည်း။ ။**

**တက္ကသိုလ်ညိုညိုသန်း**

## ပုဏ္ဏားကျွန်းမြို့ ရခိုင်ရိုးရာမဟာသင်္ကြန်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ပုဏ္ဏားကျွန်း ဧပြီ ၁၃**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ ရခိုင်ရိုးရာ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၂ ရက် ညနေ ၄ နာရီက မင်္ဂလာဗဟိုမဏ္ဍပ်၌ ကျင်းပသည်။ အခမ်းအနားတွင် ရခိုင်ရိုးရာ မင်္ဂလာစည်တော်များ တီးခတ်ပြီး ရခိုင်ရိုးရာမဟာသင်္ကြန်အဖွင့်ရတုဖြင့် သီဆိုကာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းမိုး၊ ပြည်နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးအောင်ထွန်းမြနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ဆက်လက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က မဟာသင်္ကြန်နှစ်သစ်ကူးမင်္ဂလာနှုတ်ခွန်းဆက် အမှာစကားပြောကြားကာ တက်ရောက်လာကြသော ယိမ်းအဖွဲ့ဝင်များက မြနန္ဒာသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။ မဟာသင်္ကြန်ပွဲ ဖျော်ဖြေရေး အစီအစဉ်များကို မင်္ဂလာဗဟိုမဏ္ဍပ်တွင် ဧပြီ ၁၃ ရက်မှ ဧပြီ ၁၆ ရက်အထိ ယိမ်းအဖွဲ့များက နေ့စဉ်ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

**နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာ၌ ပညာဗလစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၆ ရက်က ကျင်းပရာ မြို့နယ်တရားသူကြီး ဦးကာလတ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းထွေး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းမြတ်မူယာအုန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**
(မြန်မာ့အလင်း)

● *ကျောဖုံးမှ*

**စည်သူလွင်**

ဒီနှစ်ကတော့ Naing Group မဏ္ဍပ်မှာပဲ။ သီချင်းမြူးတာလေးတွေနဲ့ သင်္ကြန်သီချင်းလေးတွေ သီဆိုဖို့ ရွေးချယ်ထားတယ်။

လာအားပေးတဲ့ ပရိသတ်နဲ့ အပေးအယူမျှတဲ့ သီချင်းလေးတွေ ဆိုဖြစ်မယ်။

# မွန်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၃**

မွန်ပြည်နယ် ၁၃၇၃ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၂ ရက် ညနေ ၆ နာရီတွင် မော်လမြိုင်မြို့ ကမ်းနားလမ်း မြို့မတံတားရှိ ဗဟိုမဏ္ဍပ်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးတို့က သင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** ထို့နောက် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များက မမတို့မော်ရွှေမြိုင်၊ ရွှေမြိုင် သင်္ကြန်၊ မြနန္ဒာ စသည့်

တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များက ဧည့်သည်တော်များနှင့် ဧည့်ပရိသတ်များအား သပြေခက်ဖြင့်အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ရုပ်ရှင်နှင့်ဂီတအဖွဲ့များနှင့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ညနေ ၄ နာရီကလည်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် အတာသင်္ကြန် မဏ္ဍပ်၌ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အားပေးပြီး တိုင်းမှူးက သင်္ကြန်ပွဲတော်ကို ဖွင့်လှစ်ပေးသည်။

၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ ပြည်သူများ ကြည်နူးပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကချင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁၃**

ကချင်ပြည်နယ် ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက် ညနေ ၅ နာရီတွင် မြစ်ကြီးနားမြို့ရှိ မြန်မာ့ရိုးရာယဉ်ကျေးမှု ဗဟိုမဏ္ဍပ်၌ကျင်းပရာ**(အပေါ်ပုံ)** ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းက မဟာသင်္ကြန်ပွဲတော်အား ဖွင့်လှစ်ကြောင်းကြေညာပြီး မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးအလေးပါးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမင်းချစ်ဦးတို့က သင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ဖျော်ဖြေ**

ယင်းနောက် ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်ကံဆီးဆိုင်းလုံတို့သည် ယိမ်းအကအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများအား သပြေခက်ဖြင့် နံ့သာရည်ပက်ဖျန်းပေးကြပြီး ယိမ်းအကအဖွဲ့များနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့များက ခါသင်္ကြန်တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင် ယိမ်းအကအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံများ တက်ရောက်အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် နံ့သာသွေးပြိုင်ပွဲနှင့် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဧပြီ ၁၃**

၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် နံ့သာသွေးပြိုင်ပွဲကို ဧပြီ ၁၂ ရက် နံနက် ၈ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ဇနီး ဒေါ်နုနုဖဲ၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်/ခရိုင်ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ဌာနဆိုင်ရာ နံ့သာသွေးပြိုင်ပွဲဝင်အသင်း (၄၂)သင်းတို့မှ နံ့သာသွေးအသင်းသူများ၊ ဒေသခံများ တက်ရောက်ကြပြီး မဟာသင်္ကြန်ပွဲတော်ကျင်းပရေးနာယက ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးသာလူချေတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ယှဉ်ပြိုင်**

ထို့နောက် နံ့သာသွေးပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီး ဦးသာလူချေက နံ့သာသွေးပြိုင်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲဝင်အသင်းများက ယှဉ်ပြိုင်ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ညနေ ၅ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှေ့ရှိ ဗဟိုမဏ္ဍပ်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသာညွန့်နှင့် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်းတို့နှင့်အတူ ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် သင်္ကြန်ယိမ်းအကအဖွဲ့များက ပျိုအလှနှင့် ခါသင်္ကြန်ယိမ်းအကများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အေးချမ်းပျော်ရွှင်စွာဆင်နွှဲ မြန်မာသင်္ကြန်ပွဲ

**မြန်မာ့အလင်း သင်္ကြန်သတင်းမြင်ကွင်း**

သတင်းထောက်-တင်ဝင်းလေး(ကြည့်မြင်တိုင်)
စုစည်းတင်ပြသည်

## အကျနေ့ မြင်ကွင်းစုံလင် အတာရေသောင်

ယနေ့သင်္ကြန်အကျနေ့ဖြစ်သည်။

ယမန်နေ့(သင်္ကြန်အကြိုနေ့)က ထက်ပို၍ စည်ကားလာသည်။ ရေပက်ခံကားများကို နံနက်အစောကတည်းကပင် မပြတ်စတမ်းတွေ့လာရသည်။

**အလှူဒါနပြုကြသူငါ**

သင်္ကြန်အလှူမုန့် ဖြစ်သည့် မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး၊ သာဂူ၊ ကြာဆံကြော်၊ ကြာဆံချက် စသည်တို့ကို မိသားစုအလိုက်၊ လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ အသင်းအဖွဲ့အလိုက် ပြုလုပ်လှူဒါန်းမှုများကို နေရာတိုင်းနီးပါး တွေ့မြင်ခဲ့ရသည်။

ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟအသင်းတို့က စုပေါင်း၍ ထီးတန်းစက်မြေ၊ မဟာဒုက္ခမွှာရုံရှေ့၌ စတုဒိသာကြာဆံကြော်များ ဝေငှကျွေးမွေးလှူဒါန်းနေသည်။ သာသနာ့နုဂ္ဂဟအသင်း အတွင်းရေးမှူး ဦးဖြူလေးက "အကြတ်နေ့မှာလည်း ဒီလိုပဲလှူသွားဦးမှာ" ဟု ဆိုခဲ့ပါသည်။

လသာမြို့နယ် အမှတ်(၁) ရပ်ကွက် ကုန်သည်လမ်းနှင့် ၁၇-လမ်းထောင့်မဏ္ဍပ်၌ လမ်းသွားလမ်းလာများကိုသာမက ရေပက်ခံကားများကိုပါတား၍ စတုဒိသာမုန့်ဟင်းခါးများဖြင့် ကျွေးလှူနေသည့် မြင်ကွင်းကလည်း သင်္ကြန်အတွင်း သာစုခေါ်စရာ မြင်ကွင်းတစ်ရပ်ဖြစ်ခဲ့သည်။

ရပ်ကွက်မွှာရုံ ကြီးကြီးငယ်ငယ်တို့၌ သီလဆောက်တည်ကြမည့်သူများဖြင့်လည်း ပြည့်နေသည်။

ဓာတ်အားပေးရေးအဖွဲ့ ရေကစားမဏ္ဍပ်၊ အထက(၄)အလုံကျောင်းရှေ့၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရေကစားမဏ္ဍပ်တို့တွင် သင်္ကြန်ချစ်သူများ ပျော်ရွှင်နေကြသည်။

**ဟိုးထား၊ ရပ်ထား၊ ရှေ့မတိုးနဲ့။**

**သင်္ကြန်ချစ်သူတို့**

စမ်းချောင်းမြို့နယ် ကြည့်မြင်တိုင်မြို့နယ်အတွင်း၌ ရေကစားမဏ္ဍပ်ကြီးများကို မတွေ့ခဲ့ရသော်လည်း အုန်းလက်ထိုး မဏ္ဍပ်ငယ်များကို ရပ်ကွက်အလိုက်တွေ့ရသည်။ အလုံမြို့နယ်အတွင်း၌မူ ယခင်နှစ်ကထက် ရေကစားမဏ္ဍပ်ကြီးများ ပိုများလာသည်။

သစ်တောရပ်ကွက်၌ အနောက်ပိုင်းခရိုင် ရေကစားနှင့် ဧည့်ခံမဏ္ဍပ်၊ အလုံရိုးမဘဏ်ရှေ့၌ အလှကမ္ဘာရေကစားမဏ္ဍပ်၊ အမှတ်(၂)လျှပ်စစ်ဝန်ကြီးဌာနရုံးရှေ့၌ ရန်ကုန်မြို့တော်လျှပ်စစ်

**သင်္ကြန်ဖက်ရှင်**

ကုန်သည်လမ်း တစ်လျှောက်၌ ရေကစားမဏ္ဍပ်ငယ်များကို ခပ်စိပ်စိပ်တွေ့ရသည်။ သင်္ကြန်တွင် သင်္ကြန်ဖက်ရှင်များ ထွင်တတ်ကြသော်လည်း ယနေ့တွင် စဥ့်အိုးတန်းထိပ်၌ အမျိုးသားလူငယ်တစ်ဦး၏ ထူးထူးခြားခြားဒီဇိုင်းကို တွေ့မြင်လိုက်ရသည်။

ဗာဒံရွက်ငယ်များကို သီတွဲ၍ အာဖရိကလူရိုင်းသဏ္ဌာန် ဝတ်ဆင်ထားခြင်းဖြစ်သည်။ ခါးတွင်ဗာဒံသီးစိမ်းစိမ်းလေးများကို ခါးပတ်သဏ္ဌာန် ပတ်ထားသည်။ ပါးစပ်တွင် ဝီစီတစ်လုံးဖြင့် ရေပက်ခံကားများကို လမ်းရှင်းပေးနေသည်။

ပုံမှန် လူငယ်တစ်ယောက်၏ အသွင်ဖြစ်သည်။ မူးနေသည့် ဟန်မတွေ့ရ။ "ကျွန်တော်ကအပျော်သက်သက်ပါ။ ကိုယ့်ပုံစံကိုမြင်တွေ့ပြီး ရယ်သွားစေချင်လို့ပါ။ မရယ်တောင်မှ ပြုံးသွားရင် ကျွန်တော်ကျေနပ်ပါတယ်။ လူတစ်ယောက် ပြုံးသွားတယ် ရယ်သွားတယ်ဆိုတာ ကျေနပ်လို့ ပျော်လို့ ပြုံးသွား၊ ရယ်သွားကြတာပါ။ လူသားအားလုံးကို အဲဒီလိုပေါ့ပေါ့ပါးပါးနဲ့ ပြုံးသွားရယ်သွားစေချင်ပါတယ်"ဟု သူ့ဒဿနတစ်ခုကို ထုတ်ဖော်ခဲ့သည်။ ဒါသည်. . . သင်္ကြန်၏ လွတ်လပ်ခြင်း အငွေ့အသက်တစ်ခုဖြစ်သည်ဟု ထင်မိသည်။

လသာမြို့နယ်အတွင်းရှိ Sky Net ရုပ်သံနှင့် ရွှေ FM မဏ္ဍပ်၌ အဆိုတော် ဘရိတ်ကီနှင့် အနုပညာရှင်များ၏ ဖြေဖျော်မှုများဖြင့် ပရိသတ်လမ်းလုံးပြည့်နေသည်။ ကုန်သည်

**သင်္ကြန်အကျနေ့က ရွှေဂုံတိုင်လမ်းမတစ်လျှောက် ရေကစားမဏ္ဍပ်များ၌ ရေပက်သူများ၊ ရေပက်ခံထွက်သူများ ပျော်ရွှင်စွာဤသို့တွေ့ရသည်။**

**သင်္ကြန်တဲ့လား**

သိမ်ဖြူလမ်း တစ်လျှောက်၌မူ ရေကစားမဏ္ဍပ်ကြီးများမရှိသော်လည်း ရေကစားမဏ္ဍပ်ငယ်များကို အစီအရီတွေ့ရသည်။ ရေကစားမဏ္ဍပ်ငယ်

**သိမ်ဖြူလမ်း ရေကစားမဏ္ဍပ်၌ နှစ်လက်မပိုက်ကြီးများဖြင့်ဤသို့. . .။**

လမ်းနှင့် ၄၂ လမ်းထိပ် ရေကစားမဏ္ဍပ်တွင်လည်း ရေပက်သူနှင့်ရေပက်ခံသူတို့၏အပျော်သရုပ်တွေက သင်္ကြန်၏ပြယုဂ်တစ်ခုအဖြစ် အထင်းသားပေါ်လွင်နေကြောင်း တွေ့ခဲ့ရသည်။

အချို့၌ နှစ်လက်မ ရေပိုက်လုံးအပြာများကိုယ်စီနှင့် ဖြစ်သည်။

ထိုရေပိုက်တို့ဖြင့် အထိုးခံရသူ (အပက်ခံရသူ)တို့မှာ မလှုပ်သာ၊ ကားပေါ်တွင်တဘက်ကိုလုံအောင် ခေါင်းမြီးခြုံ၍ငုံ့နေကြရသည်။ အပြောင်အပျက်အပျော်စကားပင် မဆိုနိုင်ကြတော့သည့်မြင်ကွင်းတစ်ရပ်ဖြစ်သည်။ စိတ်ထဲမှာအတွေးတစ်ခုပေါ်လာသည်။ "ဒါဟာ မြန်မာ့သင်္ကြန်တဲ့လား" ။

**ရခိုင်သင်္ကြန်**

မင်္ဂလာတောင်ညွန့် မြို့နယ် သိမ်ဖြူယာဉ်မောင်းသင်တန်းကွင်းထဲ၌ နဝမအကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ဒုတိယမြောက်နေ့အဖြစ် ဆင်နွှဲလျက်ရှိသည်။ အမျိုးသားငယ်လေးများ အနေဖြင့် မိမိနှစ်သက်ရာ လှပျိုဖြူလေးအား အုပ်ထိန်းသူထံ ခွင့်တောင်းခံ၍ ယဉ်ကျေးစွာ ရေလောင်းနေမှု မြင်ကွင်းက မြန်မာတို့၏ ချစ်စရာကောင်းသော သင်္ကြန်၏ အနှစ်သာရတစ်ခုပင် ဖြစ်သည်။

**အကျနေ့မြင်ကွင်းစုံလင်**

ညနေပိုင်း၌မူ ပို၍ပို၍စည်ကားလာခဲ့သည်။ တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်မိသားစုချင်း၊ တစ်ဖွဲ့ချင်းအလိုက် လမ်းလျှောက်ရေပက်ခံထွက်သူများ ရှိလာသလို မဏ္ဍပ်များ၌ ရေပက်သူများ ပိုတိုးလာခဲ့သည်။ ရေပက်ခံကားကြီးကားငယ်အသွယ်သွယ်တို့ဖြင့် စည်ကားလျက်ရှိနေကြောင်းကို ယနေ့သင်္ကြန်အကျနေ့ မြင်ကွင်းစုံလင်ရေသဘင်အဖြစ် တင်ပြလိုက်ရပါသည်။ ။

**လိုင်းကားဖြင့် ရေပက်ခံထွက်မည့် နိုင်ငံခြားသားတစ်စု ဆူးလေမှတ်တိုင်တွင် ကားစောင့်နေစဉ်။**

# မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ရေသဘင်ပွဲ အမြို့ မြို့အနယ်နယ်တွင် ပျော်ရွှင်စွာ ဆင်နွှဲ

သင်္ကြန်အကျနေ့က ရန်ကုန်မြို့ ပြည်လမ်းတစ်လျှောက် ရေကစားမဏ္ဍပ်များ၌ ရေပက်သူများနှင့် ရေပက်ခံထွက်သူများကို စည်ကားများပြားစွာ ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-တင်စိုး)

သင်္ကြန်အကျနေ့က လသာမြို့နယ် (၁၆)လမ်းရှိ ရေကစားမဏ္ဍပ်၌ ရေပက်သူများနှင့် ရေပက်ခံထွက်သူများ အေးချမ်းပျော်ရွှင်စွာ ဤသို့ ရေကစားခဲ့ကြသည်။ (ဓာတ်ပုံ-တင်စိုး)

သင်္ကြန်အကျနေ့က ရန်ကုန်မြို့တော်ဝန် ရေကစားမဏ္ဍပ်၌ ရေပက်သူများ၊ ရေပက်ခံထွက်သူများ သင်္ကြန်ပွဲတော်ကို ဤသို့ ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။ (ဓာတ်ပုံ-တင်စိုး)





သင်္ကြန်အကျနေ့က ကလေးမြို့ ဖျော်ဖြေရေးမဏ္ဍပ်ရှေ့တွင် ပြည်သူများ အတာရေသဘင်ကို ပျော်ရွှင်စွာ ဤသို့ ပါဝင်ဆင်နွှဲခဲ့ကြသည်။ (ကလေးကိုယ်ပွား)

## ကပြဖျော်ဖြေ

သင်္ကြန်အကျနေ့က ဒိုက်ဦးမြို့နယ် အမှတ်(၂) ကုန်သည်ရပ်ကွက် ကုန်သည်လမ်းပေါ်ရှိ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်မဏ္ဍပ်တွင် လုပ်ဖြူများ ဤသို့ ကပြဖျော်ဖြေခဲ့ကြသည်။ (ပိန်းဇလုပ်-သိန်းညွန့်)

သင်္ကြန်အကျနေ့က ကန်တော်ကြီး ကန်ပတ်လမ်း၌ ရေပက်ခံကားများ တိုးမပေါက်အောင် စည်ကားများပြားသည်ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-တင်စိုး)

သင်္ကြန်အကျနေ့က ညောင်လေးပင်မြို့နယ် မဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင် ပြည်သူများ ပျော်ရွှင်စွာ ရေပက်ကစားခဲ့ကြစဉ်။ (ပိန်းဇလုပ်-သိန်းညွန့်)



သင်္ကြန်အကျနေ့က ကမာရွတ်မြို့နယ် မဟာသင်္ကြန်ရေကစားမဏ္ဍပ် ဖွင့်ပွဲအပြီး ရေပက်ကစားကြစဉ်။ (၁၆၇)

## ဒုဋ္ဌဝတီမြစ်လက်တက်သံမဏိကြိုးတံတား အမရပူရ၌ တည်ဆောက်မည်

**မြစ်ငယ် ဧပြီ ၁၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မိကျောင်းတက်ကျေးရွာနှင့်ဝဲကြီးဆင်ရွာရှိ ဒုဋ္ဌဝတီမြစ်လက်တက် ဆင်ချောင်းကြိုးတံတားကြီးကို ဧပြီလလယ်ပိုင်းအတွင်း တည်ဆောက်မည်ဖြစ်ကြောင်း ယင်းကြိုးတံတားဖြစ်မြောက်ရေး အကျိုးဆောင်အဖွဲ့ထံမှ သိရှိရသည်။

ယင်းကြိုးတံတားကြီးကို ဝဲကြီးဆင်ရွာနှင့် မိကျောင်းတက်ကျေးရွာ ကျေးရွာသူကျေးရွာသားများ ပူးပေါင်းကာ တည်ဆောက်မည်ဖြစ်ကြောင်း ကြိုးတံတားတည်ဆောက်ရေးအကျိုးဆောင်အဖွဲ့ မိကျောင်းတက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဌေးက ပြောကြားခဲ့သည်။

"ကြိုးတံတားကို ကိုယ့်အားကိုယ်ကိုးတည်ဆောက်မှာပါ။ ကျေးရွာပြည်သူများရဲ့ မတည်ငွေတွေ၊ အလှူရှင်များရဲ့ငွေများနဲ့ တည်ဆောက်မှာဖြစ်ပါတယ်။ ပြည်သူထည့်ဝင်ကျပ် သိန်း ၂၀၀ ကျော်ပါဝင်ပြီး နည်းပညာနဲ့ လိုအပ်တာတွေကို ဆွစ်ဇာလန်နိုင်ငံက ကြိုးတံတားပညာရှင်အဖွဲ့က ကူညီမှာပါ" ဟု ကြိုးတံတားတည်ဆောက်ရေး အကျိုးဆောင်တစ်ဦးဖြစ်သော ဦးသန်းဌေးက ပြောကြားသည်။

ကြိုးတံတားကြီးတည်ဆောက်ပြီးစီးပါက မိကျောင်းတက်ကျေးရွာ၊ ဝဲကြီးဆင်ရွာနှင့် အနီးပတ်ဝန်းကျင်ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများ ဖွံ့ဖြိုးတိုးတက်ပြီး လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ကြိုးတံတားဖြစ်မြောက်ရေး အကျိုးဆောင်ဦးသန်းဌေးနှင့် ဦးမင်းသိန်းတို့က ပြောကြားသည်။ တည်ဆောက်မည့်ကြိုးတံတား၏ အရှည်ပေမှာ ၂၅၀ ကျော်ရှိမည်ဖြစ်သည်။ မိကျောင်းတက်ကျေးရွာနှင့် ဝဲကြီးဆင်ရွာတို့တွင် အိမ်ခြေ ၅၅၀ခန့်နှင့် လူဦးရေ ၂၇၀၀ နီးပါးရှိပြီး အဓိကစီးပွားရေးမှာ သရက်၊ သံပရာ၊ ရှောက်စသည့် သီးနှံများစိုက်ပျိုးရေး လုပ်ကိုင်ကြကြောင်း သိရှိရသည်။ (၁၅၉)

ဗဟန်းမြို့နယ်နေ ဦးထွန်းအောင်ကျော်-ဒေါ်အေးအေးတင် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်းရှိ မင်းကွန်းတိပိဋကကျောင်းတော် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေကျပ် ၄၅သိန်းကို မတ် ၄ ရက်က ပေးအပ်လှူဒါန်းရာ တိ-နိဥပဋ္ဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးကျော်မြင့် လက်ခံယူစဉ်။ (၁၆၈)

## ဆူနာမီသတင်းနှင့် ချောင်းသာကမ်းခြေ

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**

တစ်နှစ်တာပတ်လုံး နွမ်းနယ်သမျှ သင်္ကြန်ရက်များအတွင်း အပန်းဖြေရန် ချောင်းသာကမ်းခြေရှိ ဟိုတယ်များအားလုံးနှင့် ရွာထဲရှိ တည်းခိုခန်းများပါမကျန် ခရီးသွားဧည့်သည်များပြည့်လျက်ရှိနေကြောင်း သတင်းရရှိထားသည်။

ဧပြီ ၁၁ ရက် ညနေပိုင်းက ရုတ်တရက် အင်ဒိုနီးရှားနိုင်ငံ၌ ရစ်ချ်တာစကေး ၈ ဒသမ ၇ အဆင့်ရှိ ငလျင်ကြီးလှုပ်ပြီး ဆူနာမီသတိပေးချက်များ ထွက်ပေါ်လာခဲ့သည်။ ဆူနာမီစောင့်ကြည့်ရေးဗဟိုဌာနများ၏ သတင်းထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသများသို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းခဲ့ကြသည်။

ထိုသတင်းနှင့်ပတ်သက်၍ ဘင်္ဂလားပင်လယ်အော်အစပ် ချောင်းသာ ကမ်းခြေရှိ တာဝန်ရှိသူများထံသို့ မြန်မာ့အလင်းသတင်းအဖွဲ့က ဆက်သွယ်မေးမြန်းခဲ့ရာ ဟိုတယ်ဇုန် တွဲဖက်ဘဏ္ဍာရေးမှူး ဦးကျော်ဟိုးနှင့် ချိတ်ဆက်မိခဲ့သည်။

ထိုသူက မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက် သတင်းနှင့်တစ်ပြေးညီ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့၏ ညွှန်ကြားချက်များအပေါ် ဟိုတယ်ဇုန်မှ တာဝန်ရှိသူများအားလုံးနှင့် ဒေသတာဝန်ရှိသူများက ကမ်းခြေအပန်းဖြေခရီးရောက်ရှိသူများအတွက် ကြိုတင်ကာကွယ်ရေးများကို ချက်ချင်းဆောင်ရွက်ပေးခဲ့သည်ဟုဆိုသည်။

ပြန်လိုသူများအတွက် ကားများကိုစီစဉ်ပေးခြင်း၊ မပြန်သေးဘဲ စောင့်ကြည့်လိုသူများအား ကမ်းခြေနှင့်ဝေးရာ တောင်ပေါ်ဒေသ သာသနိက အဆောက်အအုံများ၌ ခေတ္တနေရာချထားပေးခြင်းအပြင် ဖြစ်ပေါ်နေမှု သတင်းအား မျက်မြင်သိရှိနိုင်ရန်အတွက် တီဗွီများဖွင့်ပေးထားခဲ့သည်ဟု ဆိုသည်။

ဆူနာမီသတိပေးချက်ထုတ်ပြန်ပြီး လေးနာရီအကြာ သတိပေးချက် ပြန်လည်ရုပ်သိမ်းပြီး ည ၈ နာရီမှ စတင်ကာ ကုန်းမြင့်သာသနိက အဆောက်အအုံများ၌ ခေတ္တတည်းခိုနေသောဧည့်သည်များသည် ကမ်းခြေ၌ အခြေအနေ ပြန်လည်ကောင်းမွန်ကြောင်းသတင်းကြား၍ ပြန်လှည့်လာသူများဖြင့် ချောင်းသာကမ်းခြေမှာ ည ၁၀ နာရီကျော်၌ ပုံမှန်ပြန်ဖြစ်သွားကြောင်း သိရှိရသည်။

တွဲဖက်ဘဏ္ဍာရေးမှူး ဦးကျော်ဟိုးကပင် ၎င်း၏ ခိုင်ချောင်းသာဟိုတယ်၌ တည်းခိုနေသော ဧည့်သည်တစ်ဦးနှင့် စကားပြောကြည့်ပါဆို၍ "ကြားကြားချင်း အရမ်းကြောက်သွားတာပဲ၊ ဟိုတယ်မန်နေဂျာတွေ၊ ဒေသတာဝန်ရှိသူတွေက ဧည့်သည်တွေရဲ့ဆန္ဒအတိုင်း ဆောင်ရွက်ပေးပါတယ်။ ကျွန်မတို့ပြန်ချင်တယ်ဆိုလို့ ကားကြီးတစ်စီးနဲ့ အခြားသူတွေကိုပါ ချက်ချင်းစီစဉ်ပေးပါတယ်။ လမ်းမှာ အခြေအနေပြန်ကောင်းသွားပြီကြားလို့ အခုပဲ ပြန်ရောက်ပါတယ်။ အခုပုံမှန်အတိုင်းပါပဲ " ဟု ဖုန်းမှတစ်ဆင့် ပြောကြားပေးခဲ့သည်များကို မြန်မာ့အလင်းမှ ဆူနာမီသတင်းနှင့် ချောင်းသာကမ်းခြေ ပကတိအနေအထားကို ဖော်ပြလိုက်ရပါသည်။ ။

## နောင်မွန်မြို့နယ်၌ ဝက်သက်ရောဂါကာကွယ်ဆေးထိုး

**နောင်မွန် ဧပြီ ၁၃**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ်တွင် အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း အခမ်းအနားကို မတ် ၂၂ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဦးကန်ကျော်စိုးက ဝက်သက်ရောဂါနှင့် ကာကွယ်ဆေးအကြောင်း ဟောပြောရှင်းလင်းသည်။

အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးခြင်း စီမံချက်လုပ်ငန်းကို နောင်မွန်မြို့နယ်နှင့် ပန်နန်းဒင်မြို့နယ်ခွဲတို့တွင် တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(ကျန်းမာရေး)**

**ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ခြောက်လကြာ သင်ကြားပို့ချခဲ့သည့် အရန်သားဖွားဆရာမ သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၆ရက်က အဆိုပါခန်းမ၌ ကျင်းပရာ ဒလမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးသန္တာကျော်က ထူးချွန်ဆုရ သင်တန်းသူများအား ဆုများချီးမြှင့်စဉ်။**

(မြို့နယ်ကျန်းမာရေး)

**မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏခန်းမ၌ ဧပြီ ၆ ရက်က အခွန်ပညာပေးဆွေးနွေးပွဲ ကျင်းပရာ ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးတင်ထွန်းနိုင် အခွန်စည်းကြပ်ခြင်း ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးစဉ်။**

(မြို့နယ်ပြည်တွင်းအခွန်)

## မြန်မာ့စီးပွားစီမံအမှုဆောင်များအသင်းဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၃**

မြန်မာ့စီးပွားစီမံ အမှုဆောင်များအသင်းဖလား ဘောလုံးဗိုလ်လုပွဲကို မတ် ၂၇ ရက် ညနေ ၃ နာရီက ရေဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် မရမ်းအနောက်ကျေးရွာ ဘောလုံးကွင်း၌ ကျင်းပသည်။ ကျေးရွာအုပ်စုကိုးအုပ်စုမှ ကလေးအသင်းရှစ်သင်းနှင့် အလွတ်တန်းလူကြီးအသင်းရှစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ကလေးအသင်းမှ ဆားကျင်းအသင်းနှင့် မရမ်းအနောက် အသင်း၊ အလွတ်တန်းလူကြီးအသင်းမှ ဆားကျင်းအသင်းနှင့် တော်ချိုင့်အသင်းတို့ ယှဉ်ပြိုင်ဗိုလ်လုကြသည်။

ပထမပွဲစဉ်အဖြစ် အလွတ်တန်းလူကြီးအသင်းနှစ်သင်းယှဉ်ပြိုင်ကြရာ တော်ချိုင့်အသင်းက ဆားကျင်းအသင်းကိုနှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိကာဆုဖလားနှင့်ဆုကြေးငွေကို ဆွတ်ခူးရရှိသွားခဲ့သည်။ **(ယာပုံ)** ဒုတိယ ပွဲစဉ်အဖြစ် လူငယ်အသင်းနှစ်သင်း ယှဉ်ပြိုင်ကြရာ မရမ်းအနောက်အသင်းက ဆားကျင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သဖြင့် ဆုဖလားနှင့် ဆုကြေးငွေကို ဆွတ်ခူးရရှိသွားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## ရှေးဦးသူနာပြုစုခြင်း သင်တန်းဆင်း

**မိုးကောင်း ဧပြီ ၁၃**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း (အခြေခံအဆင့်)သင်တန်းအမှတ်စဉ် (၂/၂၀၁၂) ဆင်းပွဲကို ဧပြီ ၁၁ ရက် နံနက် ၉ နာရီခွဲက ဆားမှော်ကျေးရွာအုပ်စု ကညင်မြိုင်ကျေးရွာ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ မြို့နယ်ကြက်ခြေနီအသင်း အတွင်းရေးမှူး ဒေါက်တာကျော်မင်း၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဇော်မင်းနှင့် ဆားမှော်တိုက်နယ်ဆရာဝန် ဒေါက်တာမင်းမင်းတို့က အမှာစကားပြောကြားပြီးနောက် သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းသိရှိရသည်။ (၀၆၂)

**မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ**

**မြန်မာ့အလင်း မှုခင်းသတင်း ၁၃-၄-၂၀၁၂**

### ယာဉ်မဆင်မခြင်မောင်းနှင်၍ ယာဉ်တိုက်မှုဖြစ်ပွား

ဧပြီ ၁၁ ရက် ည ၁၀ နာရီ ၁၅ မိနစ်ခန့်က ယာဉ်တိုက်မှုကြောင့် ပျဉ်းမနားတွင် လူတစ်ဦးသေဆုံးကြောင်း သတင်းရရှိသဖြင့် ဒုတိယရဲအုပ်သန်းကျော်ဌေးက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ပျဉ်းမနားမြို့ ပေါင်းလောင်း(၂)ရပ်ကွက် ရန်ကုန်-မန္တလေးလမ်းနှင့် ချယ်ရီလမ်းဆုံတွင် ရန်ကုန်-မန္တလေးလမ်းအတိုင်း ပေါင်းလောင်းအားကစားကွင်းဘက်မှ နှင်းဆီပန်းအဝိုင်းဘက်သို့ စိုးလွင်ဦး(၂၆)နှစ် ပေါင်းလောင်း(၂)ရပ်ကွက် ပျဉ်းမနားမြို့နေသူ မောင်းနှင်လာသည့် အနက်ရောင်ဆိုင်ကယ်သည် ပေါင်းလောင်းအားကစားကွင်းဘက်သို့ ယာဉ်မောင်း၊ ယာဉ်အမှတ် စုံစမ်းဆဲ မောင်းနှင်သည့် ယာဉ်တစ်စီးနှင့် တိုက်မိခဲ့သဖြင့် စိုးလွင်ဦးမှာ ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့ကြောင်း သိရသည်။ တိုက်မိသည့်ယာဉ်မှာ ထွက်ပြေးတိမ်းရှောင်နေဆဲဖြစ်၍ ဆက်လက်စုံစမ်း ဖော်ထုတ်လျက်ရှိကြောင်း သိရှိရသည်။ (၁၄၅)

### ဆိုင်ကယ်ချင်းမျက်နှာချင်းဆိုင်တိုက်ရာမှ ဇနီးသည်သေဆုံး

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်ရဲစခန်းအပိုင်တွင် ဧပြီ ၁၀ ရက်က ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၃၇၄/၀ အနီး ရွှေကူကျေးရွာတွင် ဝမ်းတွင်းဘက်မှ မိုးကုတ်မြို့နေ စိုင်းလှကျော် (၄၅)နှစ် မောင်းလာပြီး ဆိုင်ကယ်နောက်မှ ဇနီးဖြစ်သူ မစန်းစန်းမော် (၃၄)နှစ်စီးလာသော ၅ယ/. . . ဒရင်းဆိုင်ကယ်နှင့် မန္တလေးဘက်မှ ရွှေကူကျေးရွာနေသူ ဦးရွှေမန်း (၅၅) နှစ်စီးလာသော ၁၁ယ/. . . ဂျာလင်းဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိကြသည်ဆို၏။

ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိကြရာ ဆိုင်ကယ်စီးသူစိုင်းလှကျော်နှင့် ဦးရွှေမန်းတို့မှာ ဒဏ်ရာအသီးသီးရရှိသွားခဲ့သည်။ စိုင်းလှကျော်ဆိုင်ကယ်နောက်မှ စီးလာသူ ဇနီး မစန်းစန်းမော်မှာ ဦးခေါင်းနှင့်မျက်နှာတို့တွင် ဒဏ်ရာပြင်းထန်စွာရရှိ၍ မန္တလေးဆေးရုံတွင် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားကြောင်း သိရှိရသည်။ (၀၁၂)

## လျှပ်စစ်ပေါ့ဆမီး သတိမူနိုင်ကြပါစေ

**နေပြည်တော် ဧပြီ ၁၃**

**သတင်းနှင့် ဓာတ်ပုံ ဇင်ကိုလတ်**

ပူပြင်းသည့် နွေကာလရောက်ရှိခဲ့ပေပြီ။ ယမန်နှစ်ကထက် ယခုနှစ် နှစ်ဦးအစမှာပင် ပို၍ပူလောင်မှုဒဏ်ကို သိသိသာသာ ခံစားလာရသည်။ ထို့အပြင် ယမန်နှစ်က လျှပ်စစ်မီးပြတ်တောက်မှု အတော် နည်းခဲ့သည်ကိုလည်း ပြန်တမ်းတမိကြသည်။ လျှပ်စစ်မီး အလှည့်ကျပေးမှုကို ရန်ကုန်မြို့ကြီးတွင် ယခုနှစ်၌ ဧပြီ ၂ ရက်က စတင်ခဲ့သည်။

ပူပြင်းခြောက်သွေ့လာသည်နှင့်အမျှ မီးလန့်မှု၊ မီးလောင်မှုများကိုလည်း မကြာခဏ ကြားသိတွေ့မြင်နေရသည်။ မီးစတင်လောင်ကျွမ်းမှုနှင့်ပတ်သက်၍ လေ့လာကြည့်ရာတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ယမန်နှစ်က မီးလောင်မှု ၉၂၃ ကြိမ် ဖြစ်ပွားခဲ့ပြီး လျှပ်စစ်ပေါ့ဆမှုကြောင့် မီးလောင်မှု ၁၄၉ ကြိမ်ဖြစ်ခဲ့ကြောင်းလေ့လာတွေ့ရှိရသည်။လျှပ်စစ်မီး အများဆုံးအသုံးပြုသည့် ရန်ကုန်မြို့ကြီးတွင်မူ ယမန်နှစ်က မီးလောင်ကျွမ်းမှု ၁၈၆ မှုရှိခဲ့ရာ လျှပ်စစ်မီးကြောင့် စတင်လောင်ကျွမ်းမှု ၆၃ ကြိမ် ရှိခဲ့ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ရုံးချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၁၀ ခုနှစ်အတွင်း မင်္ဂလာဈေးကြီး မီးလောင်မှုမှာလည်း လျှပ်စစ်ဖြင့် ရေနွေးအိုးတည်ရာမှ မေ့လျော့၍ စတင်လောင်ကျွမ်းမှုဖြစ်ပြီး မီးလောင်မှုများတွင် ဆုံးရှုံးမှုစံချိန်တင်ခဲ့သည်။ ယခုနှစ် နှစ်ဆန်းပိုင်း မီးလောင်မှုများတွင်လည်း လျှပ်စစ်ပေါ့ဆမီးကြောင့် တောင်ဥက္ကလာပမြို့နယ်အတွင်း၌ တစ်ကြိမ်ဖြစ်ခဲ့သည်။ ယနေ့အခါသည် သဘာဝရာသီဥတုကြောင့် လျှပ်စစ်မီးကို အချိန်အတိုင်း အတာဖြင့် အလှည့်ပေးနေရသောအခါ ဖြစ်သည်။ လျှပ်စစ်ဖြင့် ထမင်းအိုး၊ ဟင်းအိုး၊ ရေနွေးအိုး တည်ထားရင်းမှ မီးပြတ်သွားသည့်အခါ မီးခလုတ်မပိတ်မိဘဲ အပြင်သို့ ထွက်သွားမိခြင်းကြောင့် လျှပ်စစ်ပြန်လာသည့်အခါ၌ အပူလွန်ကဲပြီး မီးလောင်မှုများ မကြာခဏဖြစ်ပွားတတ်သည်ကို သတိမူနိုင်ကြစေရန် နှိုးဆော်ရေးသားလိုက်ရပါကြောင်း။ ။

လျှပ်စစ်ပေါ့ဆမီးကြောင့် တောင်ဥက္ကလာပမြို့နယ်အတွင်း မီးလောင်ခဲ့မှုမြင်ကွင်း။

မြန်မာ့အလင်း **နောက်ဆုံးရ နိုင်ငံတကာသတင်း** **နောက်ဆုံးရ နိုင်ငံတကာသတင်း**

မိုးမြင့်လင်းလက် - စုစည်းသည်

## အိန္ဒိယ၌ လူနေအထပ်မြင့်တိုက်ခေါင်မိုးပေါ် ရဟတ်ယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်

**နယူးဒေလီ ဧပြီ ၁၃**

အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် ရဟတ်ယာဉ်တစ်စင်းဖြင့်လေ့ကျင့်ပျံသန်းနေသော လေယာဉ်မှူးတစ်ဦးသည် ရဟတ်ယာဉ်အင်ဂျင်ချွတ်ယွင်းမှုကြောင့် လူနေအထပ်မြင့် တိုက်တစ်တိုက်ခေါင်မိုးပေါ်သို့ ဧပြီ ၁၃ ရက်က အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း အိန္ဒိယလေကြောင်းအရာရှိများက ပြောကြားသည်။

**ဆင်းသက်လိုက်ရ**

ဖြစ်ပွားမှုမှာ ဘင်ဂလောမြို့ဝေဟင်ပေါ်၌ လေ့ကျင့်ပျံသန်းနေသောရဟတ်ယာဉ်မှ မီးခိုးများထွက်ရှိလာသဖြင့် ရဟတ်ယာဉ်မှူးက တိုက်တစ်တိုက်၏ ခေါင်မိုးပေါ်သို့ အမြန်ဆင်းသက်လိုက်ရခြင်းဖြစ်သည်။

၎င်းရဟတ်ယာဉ်မှာ နည်းစနစ်ပိုင်းဆိုင်ရာချွတ်ယွင်းမှုကြောင့် အင်ဂျင်မှမီးခိုးများထွက်ပေါ်လာခြင်းဖြစ်ပြီး ရဟတ်ယာဉ်မှူးနှင့် တွဲဖက်ရဟတ်ယာဉ်မှူးနှစ်ဦးစလုံး ဒဏ်ရာများရရှိခဲ့ကြသည်။ **(အပေါ်ပုံ)**

**ဖော်ပြ**

ရဟတ်ယာဉ်အရေးပေါ်ဆင်းသက်ခဲ့ရာတွင် ရဟတ်ယာဉ်ကိုယ်ထည်နှင့် အစိတ်အပိုင်းအချို့ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ၎င်းရဟတ်ယာဉ်ကို တိုက်အမိုးပေါ်မှ မြေပြင်သို့ချရန်စီစဉ်လျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

## ဆိုးလ်မြို့တော်ဝေဟင်ပေါ်တွင် ပန်းကန်ပြားပျံဖြစ်တန်သန်း

**ဆိုးလ် ဧပြီ ၁၃**

တောင်ကိုရီးယားနိုင်ငံမြို့တော် ဆိုးလ်မြို့၏ ဝေဟင်ပေါ်၌ ဧပြီ ၁၂ ရက်က ပန်းကန်ပြားပျံတစ်စင်းပျံသန်းသွားသည်ကို ခရီးသွားပြည်သူတစ်ဦးက ဗီဒီယိုဖြင့်မှတ်တမ်းရိုက်ယူနိုင်ခဲ့ကြောင်း ဧပြီ ၁၃ ရက်က ထုတ်ပြန်သော အင်တာနက်သတင်း၌ ဖော်ပြသည်။ **(ယာပုံ)**

ထိုသို့ပန်းကန်ပြားပျံ ဖြတ်သန်းသွားမှုကို အခြားပြည်သူများကလည်း ၎င်းတို့၏ဗီဒီယိုကင်မရာများဖြင့် ရိုက်ယူမှတ်တမ်းတင်နိုင်ခဲ့သည်။ အမှတ်မထင်ရိုက်ယူနိုင်ခဲ့သော ပန်းကန်ပြားပျံကို ထင်ထင်ရှားရှားမြင်တွေ့ခဲ့ရကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ယင်းပန်းကန်ပြားပျံသည် အဝေးမှကြည့်သည့်အခါ အဖြူရောင်ယာဉ်ငယ်တစ်စင်းသဖွယ်ဖြစ်နေကြောင်း၊ အခြားလေယာဉ်များလည်း မဖြစ်နိုင်ကြောင်း၊ ထူးခြားသော ဒီဇိုင်းပုံစံဖွဲ့စည်းမှုဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ အဆိုပါ ပန်းကန်ပြားပျံသည် အဝေးသို့ပျံသန်းပျောက်ကွယ်သွားကြောင်း တောင်ကိုရီးယားမီဒီယာများက ဖော်ပြသည်။ **(အင်တာနက်)**

## အမေရိကန်ဒေါ်လာသန်း ၁၃၀ ကျော်တန်ပန်းချီကား သူခိုးလက်မှ ဆားဘီးယားရဲတပ်ဖွဲ့ပြန်လည်သိမ်းဆည်းနိုင်

**ဘဲလ်ဂရိတ် ဧပြီ ၁၃**

ပြင်သစ်ပန်းချီဆရာပေါလ်ဆီဇန်နေရေးဆွဲခဲ့သည့် ရှားပါးပန်းချီကားတစ်ချပ်သည် နှစ်အတန်ကြာ ပျောက်ဆုံးနေခဲ့ရာမှ ဆားဘီးယားရဲတပ်ဖွဲ့က ပြန်လည်ရှာဖွေသိမ်းဆည်းနိုင်ခဲ့ပြီဖြစ်ကြောင်း ဧပြီ ၁၃ ရက်၌ သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

အဆိုပါပန်းချီကားသည် အမေရိကန်ဒေါ်လာ ၁၃၁ဒသမ ၇ သန်းခန့်တန်ပြီး ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့ ပြတိုက်မှ ၂၀၀၈ ခုနှစ်က ခိုးယူခြင်းခံခဲ့ရသော ပန်းချီကားဖြစ်သည်။ ခိုးယူသူများသည် အဆိုပါပြတိုက်အတွင်းသို့ မျက်နှာဖုံးများစွပ်ပြီး နေ့ခင်းအချိန်၌ဝင်ရောက်ကာ ခိုးယူသွားခဲ့ခြင်းဖြစ်သည်။

A boy in a red vest ဟု အမည်ပေးထားသော ၎င်းပန်းချီကားကို ပြင်သစ်ပန်းချီကျော် ပေါလ်ဆီဇန်နေက ၁၈၈၈ ခုနှစ်တွင် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ယခုအခါ ယင်းပန်းချီကားကို ခိုးယူခဲ့သည့် လူလေးဦးကိုလည်း ဆားဘီးယားရဲတပ်ဖွဲ့က ဖမ်းဆီးထားလိုက်ပြီဖြစ်သည်။

ဆားဘီးယားရဲတပ်ဖွဲ့ဝင်များသည် ဆားဘီးယားမြို့တော် ကာကတ်နှင့် ဘဲလ်ဂရိတ်မြို့အနီးဝန်းကျင်တွင် ရှာဖွေစစ်ဆေးမှုများပြုလုပ်ခဲ့ရာ အဆိုပါပန်းချီကားခိုးသူများအား ယူရိုငွေ ၁ သန်းခန့်နှင့်အတူ လက်နက်အချို့ကို တွေ့ရှိသိမ်းဆည်းကာ ဖမ်းမိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

## ဗီယက်နမ်စစ်အတွင်း ကျဆုံးစစ်သား၏ရုပ်ကြွင်း မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားအတည်ပြုနိုင်

**ဝါရှင်တန် ဧပြီ ၁၃**

၁၉၇၂ ခုနှစ် ဗီယက်နမ်စစ်ပွဲကာလအတွင်း ရဟတ်ယာဉ်ပျက်ကျရာတွင် ကျဆုံးခဲ့သော အမေရိကန်စစ်သားတစ်ဦး၏ ရုပ်ကြွင်းသည် မည်သူမည်ဝါဖြစ်သည်ဟု ခွဲခြားအတည်ပြုပေးနိုင်ပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။ **(အပေါ်ပုံ)**

ယခုရုပ်ကြွင်းမှ ခွဲခြားအတည်ပြုလိုက်နိုင်သူသည် ဗီယက်နမ်စစ်ပွဲအတွင်း ရန်သူဘက်မှ ရဟတ်ယာဉ်ကို ပစ်ချခဲ့သဖြင့် ကျဆုံးခဲ့သော မက်ဆာချူးဆက် ပြည်နယ်က အမေရိကန်လေတပ် တပ်ကြပ်တစ်ဦးဖြစ်သူ အလန်ဂျေအေဗာရီဆိုသူဖြစ်ကြောင်း၊ ကျဆုံးသူစစ်သားရုပ်ကြွင်း မည်သူမည်ဝါဖြစ်ကြောင်းခွဲခြားနိုင်ပြီးနောက် သူ့မိသားစုထံသို့ ၎င်းရုပ်ကြွင်းအစုအား ပြန်လည်လက်လွှဲအပ်နှံခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ဗီယက်နမ်တောင်ပိုင်း ကွမ်ထရီပြည်နယ်အတွင်း ၎င်းတပ်ကြပ်နှင့်အတူ လေတပ်စစ်သား ငါးဦးတို့သည် ရဟတ်ယာဉ်ဖြင့် ရှာဖွေရေးနှင့်ကယ်ဆယ်ရေးတာဝန်များ ထမ်းဆောင်လျက်ရှိစဉ် ၁၉၇၂ ခုနှစ် ဧပြီ ၆ ရက်က ရန်သူဘက်မှပစ်ချခြင်းခံခဲ့ရသည်။

စစ်ပွဲကြီးပြီး၍ ၁၆ နှစ်ခန့်အကြာ ၁၉၈၈ ခုနှစ်တွင် ဗီယက်နမ်အစိုးရက ဗီယက်နမ်မြေပေါ်တွင် ကျဆုံးခဲ့သည့် အမေရိကန်စစ်သားများ၏ ရုပ်အလောင်းများဖြစ်သည်ဟု မှတ်ယူသော ရုပ်ကြွင်းအစုများကို အမေရိကန်သို့ ပေးအပ်ခဲ့သည်။ ထိုအချိန်ကတည်းက အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၌ ယင်းရုပ်ကြွင်းများကို ထိန်းသိမ်းထားခဲ့ခြင်းဖြစ်သည်။

ယနေ့ခေတ်၏ မြင့်မားလာသည့် နည်းပညာနှင့် DNA ခွဲခြားစစ်ဆေးသည့် ပညာရပ်များကြောင့် ယခုရုပ်ကြွင်းသည် မည်သူမည်ဝါဖြစ်သည်ကို ခွဲခြားနိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

## ကိုဖီအန်နန်၏ ငြိမ်းချမ်းရေးအစီအစဉ်ဖြင့် ဆီးရီးယား၌အပစ်အခတ်ရပ်ပြီ

**ဒမတ်စကတ် ဧပြီ ၁၃**

တစ်နှစ်ကျော်ကြာ ဆူပူမှုအဆုံးသတ်စေရန် ကြိုးပမ်းသည့် ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်တို့၏ အထူးသံတမန် ကိုဖီအန်နန်၏ ငြိမ်းချမ်းရေးအစီအစဉ်အတိုင်း ဆီးရီးယားနိုင်ငံ၌ အပစ်အခတ်ရပ်စဲသွားပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ယာပုံ)**

အပစ်အခတ်ရပ်စဲမှုမှာ ဆီးရီးယားနိုင်ငံ၌ ဧပြီ ၁၂ ရက် နံနက် ၆ နာရီတွင် စတင်အကျိုးသက်ရောက်သည်။ ယင်းမှာ အထူးသံတမန် မစ္စတာ ကိုဖီအန်နန်အနေဖြင့် ဆီးရီးယားအစိုးရကို မတ်လအတွင်းက အဆိုပြုခဲ့သည့် အချက်ခြောက်ချက်ပါ အစီအစဉ်၏ အပိုင်းတစ်ပိုင်းဖြစ်သည်။

**ပြောကြား**

ဧပြီ ၁၄ ရက် နံနက် ၆နာရီမှစ၍ တစ်နိုင်ငံလုံး စစ်ရေးတိုက်ခိုက်မှုအားလုံးရပ်ပါမည်ဟူသော ဆီးရီးယားနိုင်ငံခြားရေးဌာန၏ ကတိကို မိမိရရှိထားပြီဖြစ်ကြောင်း ကိုဖီအန်နန်က ဧပြီ ၁၁ ရက်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

## နေတိုးရဟတ်ယာဉ်တစ်စင်း အာဖဂန်အရှေ့ပိုင်း၌ ဆင်းသက်ခဲ့ရ

**ကဘူးလ် ဧပြီ ၁၃**

နေတိုးဦးဆောင်သည့် နိုင်ငံတကာလုံခြုံမှုအကူအညီပေးရေးတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)မှ ရဟတ်ယာဉ်တစ်စင်း အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းဒေသတွင် ဧပြီ ၁၂ ရက်က ခက်ခက်ခဲခဲဆင်းသက်ခဲ့ရကြောင်း၊ သို့သော် ထိခိုက်သေဆုံးမှုမရှိကြောင်း နေတိုးတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

အိုင်အက်စ်အေအက်ဖ်မှ ရဟတ်ယာဉ်တစ်စင်းက အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် ဧပြီ ၁၂ ရက်က ခက်ခက်ခဲခဲဆင်းသက်လိုက်ရခြင်းဖြစ်ကြောင်း သက်ဆိုင်ရာကကြေညာသည်။ **(အပေါ်ပုံ)**

သို့သော် အိုင်အက်စ်အေအက်ဖ်က အသေးစိတ်ထုတ်ပြန်ကြေညာခြင်း မရှိဟုသိရသည်။ လေယာဉ်ပေါ်လိုက်ပါသူအားလုံး အနာတရမရှိဘဲ ယင်းနေရာမှာလည်း အန္တရာယ်တစ်စုံတစ်ရာမရှိဟုလည်း သတင်းထုတ်ပြန်ကြေညာသည်။ **(အင်တာနက်)**

## မော်ရိုကိုနိုင်ငံတောင်ပိုင်း၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

**ရာဘတ် ဧပြီ ၁၃**

မော်ရိုကိုနိုင်ငံတောင်ပိုင်းတွင် ရဟတ်ယာဉ်ပျက်ကျသဖြင့် အမေရိကန် မရိန်းတပ်သားနှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရသွားကြောင်း ရာဘတ်မြို့တော်ရှိ အမေရိကန်သံရုံးက ဧပြီ ၁၂ ရက်တွင် ကြေညာသည်။

မော်ရိုကိုနိုင်ငံတောင်ပိုင်း တန်တန်ပြည်နယ်တွင် ကဲလ်ဘိုးအင်း ဗီ-၂၂ အော့စပရေးရဟတ်ယာဉ် ဧပြီ ၁၁ ရက်က ပျက်ကျကြောင်း သံရုံးပြောရေးဆိုခွင့်ရှိသူ ရော့နေဒီဖို့ဒ်က ရိုက်တာသို့ ပြောကြားခဲ့သည်။

**တင်ပို့**

ရဟတ်ယာဉ်ပျက်ကျကြောင်း မိမိနိုင်ငံသို့အသိပေးအကြောင်းကြားလိုက်ပြီဖြစ်သည်ဟုလည်း ၎င်းကပြောကြားသည်။ ဒဏ်ရာရသူများကို ရာဘတ်မြို့တော်တောင်ဘက် ကီလိုမီတာ ၇၃၀ အကွာ ရွှယ်မင်းမြို့ စစ်ဆေးရုံသို့ တင်ပို့လိုက်သည် ဆို၏။ **(အင်တာနက်)**

14-4 (11).pmd 1 4/14/2012, 2:52 AM

မောင်မောင်မြင့်ဆွေ-စုစည်းသည်

# စီးရီးအေပွဲစဉ်(၃၂)၌ ဘိုလော့နာတို့အနိုင်ရ တန်းဆင်းဇုန်အနီးမှလွတ်မြောက်ခဲ့ပြီ

**ရောမ ဧပြီ ၁၃**

အီတလီစီးရီးအေပွဲစဉ်(၃၂)မှ လက်ကျန်ပွဲများကို ဧပြီ ၁၃ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဘိုလော့နာက ကာဂလီရာရီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး တန်းစီဇယားအဆင့် (၁၂) ၌ ရပ်တည်နိုင်ခဲ့သည်။ **(ယာပုံ)**

တန်းဆင်းဇုန်အနီးမှ လွတ်ကင်းရေးအတွက် နိုင်ပွဲလိုအပ်နေသော ဘိုလော့နာအသင်းသည် ယခုပွဲအနိုင်ရရှိရန် ခက်ခက်ခဲခဲကစားခဲ့ရသည်။ ဧည့်သည်ကာဂလီရာရီတို့က အဝင်အထွက်ကြမ်းကြမ်းဖြင့် ကစားခဲ့မှုကြောင့် ပထမပိုင်းပွဲချိန်အတွင်း ဘိုလော့နာတို့ ဂိုးမသွင်းနိုင်ခဲ့ချေ။

ဒုတိယပိုင်းပွဲချိန် ၅၄ မိနစ်ရောက်မှသာ ဒီရာမင်တီက ဘိုလော့နာအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ကာဂလီရာရီတို့ချေပဂိုးရရှိရေးကြိုးစားခဲ့သော်လည်း ကွန်တီ၊ ကာနေး၊ အက်စကိုရီ၊ အက်စ်ဒယ်နှင့် နင်ဂိုလန်တို့ အဝါကတ်များသာ ထိခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ ကာဂလီရာရီတို့ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ကာဂလီရာရီတို့ ယခုပွဲရှုံးနိမ့်ခဲ့ရသဖြင့် တန်းစီဇယား အဆင့် (၁၄) ၌သာ ရပ်တည်နိုင်လျက်ရှိသည်။ **(အင်တာနက်)**

# စပိန်လာလီဂါပွဲစဉ်(၃၂)ဆက်လက်ယှဉ်ပြိုင်၊ ဗီလာရီးရဲတို့နိုင်ပွဲရပြီး တန်းဆင်းဇုန်မှ ကင်းလွတ်နေဆဲ

**မက်ဒရစ် ဧပြီ ၁၃**

စပိန်လာလီဂါပွဲစဉ်(၃၂) လက်ကျန်ပွဲများကို ဧပြီ ၁၃ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဗီလာရီးရဲနှင့်မာလာဂါအသင်းတို့ပွဲတွင် ဗီလာရီးရဲက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိပြီး တန်းဆင်းဇုန်မှ ကင်းလွတ်နေဆဲပင်ဖြစ်သည်။ **(ဝဲပုံ)**

တန်းဆင်းဇုန်အတွင်း မကျဆင်းရန်ကြိုးစားရုန်းကန်နေရသော ဗီလာရီးရဲတို့ ဧည့်သည်မာလာဂါ၏ အဖွင့်ဂိုးသွင်းယူမှုကို နောက်မှလိုက်လံချေပပြီးမှ အနိုင်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ မာလာဂါအသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၆၅ မိနစ်၌ ကာဇိုလာကသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

သို့သော်ပွဲချိန် ၈၁ မိနစ်၌ မာလာဂါအသင်းမှ ကာမီနီ အနီကတ်ပြအထုတ်ခံခဲ့ရသည်။ ၁၀ ဦးတည်းဖြင့် ကစားနေရသော မာလာဂါအသင်းအား ဗီလာရီးရဲတို့ ချေပဂိုးရရှိရေး ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၈၄ မိနစ်၌ ဆန်နာကပယ်နယ်တီမှ တစ်ဆင့် ချေပဂိုးသွင်းယူပေးခဲ့သည်။

ဆက်လက်ပြီး ပွဲချိန် မိနစ် ၉၀၌ ဗီလာရီးရဲမှ ပါရက်ဇ်က အနိုင်ဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် ဗီလာရီးရဲတို့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

**ဂိုးပြတ်အနိုင်ရရှိ**

ထို့အတူ ရေဆင်းနှင့် ရီးရဲမာယော့ကာအသင်းတို့ပွဲတွင် ရီးရဲမာယော့ကာက သုံးဂိုးပြတ်ဖြင့်နိုင်ပွဲရရှိခဲ့ပြီး ဆီဗီလာနှင့် ဇာရာဂိုဇာတို့ပွဲတွင် ဆီဗီလာက သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

# ချယ်လ်ဆီးနဲ့စပါးတို့အပြိုင်နွှဲရမယ့် အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲ

**လန်ဒန် ဧပြီ ၁၃**

အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် စပါးနဲ့ချယ်လ်ဆီးတို့ ဧပြီ ၁၅ ရက်တွင် လန်ဒန်မြို့ ဝင်ဘလေကွင်းမှာ ရင်ပွင့်မတတ်အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြတော့မှာဖြစ်ပါတယ်။

ပြိုင်ဆိုင်မှုပြင်းထန်မယ့် ဒီပွဲ၌မိမိတို့စပါးအသင်းသာ အနိုင်ရရှိမှာ သေချာပါတယ်လို့ စပါးအသင်းရဲ့ ထိပ်တန်းကွင်းလယ်ကစားသမား ဂါရက်ဘေးလ် **(အောက်ပုံ)** က ပြောကြားနေသလို စပါးအသင်းကို အခက်အခဲမရှိဘဲ အနိုင်ယူမှာဖြစ်တယ်လို့ ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာကလည်း ကြုံးဝါးနေပါတယ်။

ဒီနှစ်သင်းဟာ မတ် ၂၄ ရက်က ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ချယ်လ်ဆီးကွင်းယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲမှာ ဂိုးမရှိသရေပွဲဖြစ်ခဲ့တာမို့ အကြိတ်အနယ်ရှိမှာ သေချာနေပါတယ်။ လောလောဆယ် ပရီမီယာလိဂ်တန်းစီဇယားမှာတော့ စပါးအသင်းက စတုတ္ထနေရာမှာရှိနေပြီး ချယ်လ်ဆီးက ဆဋ္ဌမနေရာမှာ ရောက်ရှိနေပါတယ်။

စပါးအသင်းဟာ အက်ဖ်အေဖလားကို ၁၉၉၁ ခုနှစ် နောက်ပိုင်းမှာ မဆွတ်ခူးနိုင်တော့ဘဲ ပြီးခဲ့တဲ့နှစ်နှစ်က အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲကို နောက်ဆုံးတက်ရောက်နိုင်ခဲ့ပြီး ပို့စ်မောက်အသင်းကို နှစ်ဂိုးပြတ်နဲ့ရှုံးခဲ့လို့ လှည့်ပြန်ခဲ့ရပါတယ်။

ချယ်လ်ဆီးအသင်းကတော့ အက်ဖ်အေဖလားကို ၂၀၁၀ ခုနှစ်က နောက်ဆုံးရရှိထားတာဖြစ်ပါတယ်။ အသင်းလိုက် ကစားအားမှာ ညီမျှနေပေမယ့် တစ်ဦးချင်းအားထုတ်မှုအပိုင်းနဲ့ အဆုံးသတ်မှုအပိုင်းတွေမှာ ချယ်လ်ဆီးတို့က အနည်းငယ်အားသာနေပါတယ်။

လက်ရှိအနေအထားမှာ နှစ်သင်းစလုံးရဲ့ ခြေစွမ်းတွေက ပုံမှန်အနေအထားရောက်အောင် ကြိုးစားရုန်းကန်နေရတာချင်း တူညီနေပေမယ့် နည်းပြအပိုင်းမှာတော့ စပါးနည်းပြ ဟာရီရက်နက်က အတွေ့အကြုံနဲ့ နည်းစနစ်ပိုင်းပိုကောင်းတာတွေ့ရတာမို့ ဒီပွဲရဲ့ရလဒ်ဟာရင်ခုန်စရာကောင်းအောင် ပဟေဠိသဖွယ်ဖြစ်နေတာမို့ အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲကို ဘယ်အသင်းတက်ရောက်သွားမယ်ဆိုကာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ **(အင်တာနက်)**

# ရီးရဲတိုက်စစ်မှူး စီရိုနယ်ဒို ခုနစ်ကြိမ်မြောက် ဟက်ထရစ်ဂိုးသွင်း

**မက်ဒရစ် ဧပြီ ၁၃**

စပိန်လာလီဂါဘောလုံးပွဲများကို ဧပြီ ၁၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်က အက်သလက်တီကိုအသင်းကို လေးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အမှတ်ပေးဇယား၌ လေးမှတ်အသာဖြင့် ပြန်လည်ဦးဆောင်လာနိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ရီးရဲမက်ဒရစ်တောင်ပံကစားသမား စီရိုနယ်ဒို **(ယာပုံ)**က ၎င်း၏ ယခုနှစ်ရာသီအတွင်း ခုနစ်ကြိမ်မြောက် ဟက်ထရစ်ဂိုးအဖြစ် သွင်းယူပေးခဲ့သည်။ စီရိုနယ်ဒိုသည် ဒုတိယပိုင်းတွင် အက်သလက်တီကိုအသင်းမှ ရာဒါမဲဖာကော ချေပဂိုး မသွင်းမီ ပွဲချိန် ၂၅မိနစ်အတွင်း အလွတ်တည်ကန်ဘောမှတစ်ဆင့် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ၁၃နှစ်အတွင်း ရီးရဲမက်ဒရစ်အားအနိုင်မရသည့် အက်သလက်တီကိုအသင်းကို ဆက်လက်ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၆၈မိနစ်တွင် တောင်ပံမှ ဖြတ်တင်ပေးသော ဘောလုံးကို စီရိုနယ်ဒိုက အဝေးကန်ချက်ဖြင့် ကန်သွင်းလိုက်ရာ အက်သလက်တီကို ဂိုးသမားတီဘောက်ကုတ်တွိုက်စ်၏ ခေါင်းပေါ်မှ ဂိုးဝင်သွားခဲ့သည်။ ပွဲပြီးရန် ၁၀ မိနစ်အလိုတွင် စီရိုနယ်ဒိုက ပယ်နယ်တီမှတစ်ဆင့် တစ်ဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးသည် ယခုနှစ်ရာသီအတွင်း စီရိုနယ်ဒိုသွင်းယူခဲ့သည့် ဂိုးပေါင်း ၄၀ မြောက်ဂိုးဖြစ်သည်။ ၎င်းသည် ပွဲချိန် ၈၈ မိနစ်တွင် ရီးရဲမက်ဒရစ်အသင်း၏ စတုတ္ထမြောက်ဂိုးကိုလည်းသွင်းယူခဲ့သည်။ စီရိုနယ်ဒိုသည် ဥရောပလိဂ်သမိုင်းတွင် ဂိုး ၄၀ လေးနှစ်ဆက်တိုက် သွင်းယူနိုင်သည့် ပထမဆုံးကစားသမားဖြစ်လာသည်။ **(အင်တာနက်)**

# ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲ စပို့တင်းနဲ့ဘီလ်ဘာအိုတွေ့ပြီ

**မက်ဒရစ် ဧပြီ ၁၃**

ဒီနှစ်ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲကို စပိန်လာလီဂါမှ သုံးသင်းစလုံး တက်ရောက်လာခဲ့ပါတယ်။ အက်သလက်တီကိုက ဗလင်စီယာအသင်းနဲ့ လာမယ့် ဧပြီ ၁၉ ရက်မှာ ကစားမှာဖြစ်ပါတယ်။ ဒီပွဲမှာ အက်သလက်တီကိုက အိမ်ကွင်း၌ကစားမှာ ဖြစ်ပါတယ်။

ဗလင်စီယာအသင်းဟာ ပြည်တွင်းစပိန်လာလီဂါမှာလည်း တောင့်တင်းခိုင်မာတဲ့ အသင်းကောင်းတစ်သင်း ဖြစ်ပါတယ်။ ပထမအကျော့ရလဒ်အနေနဲ့ ဗလင်စီယာအသင်းဟာ အဝေးကွင်းမှာအနိုင်ကစားနိုင်ရင်တော့ ဒီနှစ်ချန်ပီယံဖြစ်မယ့်အသင်းလို့ ခန့်မှန်းရပါတယ်။ အဲဒီနေ့မှာပဲ အခြားသောအကြိုဗိုလ်လုပွဲအဖြစ် စပို့တင်းနဲ့ ဘီလ်ဘာအိုအသင်းတို့ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

**ပြောကြား**

ဘီလ်ဘာအိုအသင်းဟာလည်း ဒီနှစ်မှာ ဖလားရမယ်လို့ ရေပန်းစားနေတဲ့ အသင်းကောင်းတစ်သင်း ဖြစ်ပါတယ်။ **(ဝဲပုံ)**ဗိုလ်လုပွဲမှာ ဗလင်စီယာနဲ့ ဘီလ်ဘာအိုတို့တွေ့နိုင်တယ်လို့ ဘောလုံးကျွမ်းကျင်သူတွေက ခန့်မှန်းသုံးသပ် ပြောကြားနေကြပါတယ်။ ယူရိုပါလိဂ် ဒုတိယအကျော့ အကြိုဗိုလ်လုပွဲကိုတော့ လာမယ့် ဧပြီ ၂၆ရက်တွင် ကစားကြမှာဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ချန်ပီယံလိဂ်ပြီးရင် ယူရိုပါလိဂ်ပြိုင်ပွဲဟာ ဥရောပမှာ အကောင်းဆုံးပြိုင်ပွဲတွေပါပဲ။ ပရိသတ်အကြိုက်တွေ့စေမယ့်ပြိုင်ပွဲတွေပါပဲ။ **(အင်တာနက်)**

# ချန်ပီယံလိဂ်ဗိုလ်လုပွဲ ရီးရဲနဲ့ချယ်လ်ဆီးမတွေ့နိုင်ဟု မော်ရင်ဟိုပြောကြား

မြင့်မောင်စိုး-စုစည်းသည်

**မက်ဒရစ် ဧပြီ ၁၃**

ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ ရီးရဲမက်ဒရစ်နဲ့ ချယ်လ်ဆီးတို့တွေ့ဖို့ လုံးဝမျှော်လင့်မထားပါဘူးလို့ ရီးရဲမက်ဒရစ်နည်းပြမော်ရင်ဟိုက ပြောကြားလိုက်ပါတယ်။ အေပိုးလ်ကိုနိုင်ပြီး အကြိုဗိုလ်လုပွဲတက်လာတဲ့ ရီးရဲမက်ဒရစ်က ဘိုင်ယန်မြူးနစ်နဲ့ ကစားရမှာပါ။ ဘာစီလိုနာက ချယ်လ်ဆီးနဲ့ တွေ့ရမှာပါ။

ဘာစီလိုနာအသင်းဟာ ဗိုလ်လုပွဲသို့ တက်လာမယ်လို့ ရေပန်းစားနေပေမယ့် ချယ်လ်ဆီးကို အလွယ်တကူနဲ့ အနိုင်ရမှာ မဟုတ်ဘူးလို့ နည်းပြမော်ရင်ဟိုက သုံးသပ်ထားပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ တောင့်တင်းခိုင်မာတဲ့အသင်းတစ်သင်းပါ။ ဒါပေမယ့် ရီးရဲမက်ဒရစ်က အနိုင်ကစားမယ်လို့လည်း မော်ရင်ဟိုက ကြွေးကြော်နေပါတယ်။ **(အောက်ပုံ)**

ချယ်လ်ဆီးနည်းပြ ယာယီတာဝန်ယူထားတဲ့ ရောဘတ်တိုဒီမတ်တီယိုကတော့ သူ့ရဲ့ချယ်လ်ဆီးအသင်းဟာ ဘာစီလိုနာအသင်းကို အနိုင်ကစားနိုင်ပါတယ်လို့ အခိုင်အမာပြောကြားနေပါတယ်။ ချယ်လ်ဆီးအသင်းဟာ လာမယ့်မေလမှာ မြူးနစ်မြို့မှာကျင်းပမယ့် ဗိုလ်လုပွဲကို အရောက်သွားဖို့ ဆုံးဖြတ်ထားပါပြီလို့ သူကဆိုပါတယ်။ ချယ်လ်ဆီးအသင်းဟာ ၂၀၀၉ ခုနှစ်က ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲမှာ ဘာစီလိုနာအသင်းကို အငြင်းပွားဖွယ်ဂိုးတွေနဲ့ အနိုင်ပေးလိုက်ရတာ ကျေနပ်စရာမရှိပါဘူးလို့လည်း ချယ်လ်ဆီးနည်းပြက ဆိုပါတယ်။ ဒီရှုံးကြွေးတွေကို ပြန်ဆပ်ဖို့ အသင့်ရှိပါတယ်လို့လည်း သူကဆက်လက်ပြောကြားခဲ့ပါတယ်။ **(အင်တာနက်)**

အာကာသ သိပ္ပံ အာကာသ သိပ္ပံ အာကာသ သိပ္ပံ အာကာသ သိပ္ပံ

အာကာဟိန်း-စုစည်းသည်



## အိုဇုန်းလွှာပျက်စီးမှုကို စောင့်ကြည့်ကာကွယ်မည့် အာကာသယာဉ် တည်ဆောက်နေ

**လန်ဒန် ဧပြီ ၁၃**

ကမ္ဘာ့အပေါ်ယံလွှာ လေထုအနေအထားကို စောင့်ကြည့်ကာကွယ်ပေးမည့် ဂြိုဟ်တုကဲ့သို့သော အာကာသယာဉ်တစ်မျိုးကို ဗြိတိန်သုတေသနပညာရှင်များက တည်ဆောက်နေပြီဖြစ်ကြောင်း ဧပြီ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆင်တီနယ်-၅ ပရီကာဆာ (အက်စ် ၅ ပီ)ဟု အမည်ပေးထားသည့် အဆိုပါ အာကာသယာဉ်သည် ကမ္ဘာ့အပေါ်ယံရှိ လေထုနှင့် အိုဇုန်းလွှာတို့ကို ပျက်စီးစေမည့် ဆာလ်ဖာဒိုင်အောက်ဆိုက်ကဲ့သို့သော ဓာတ်ငွေ့များကို ကာကွယ်ပေးနိုင်သည့် ဓာတုမော်လီကျူးများပါဝင်သော အကာအကွယ်ကွင်းတစ်ခုကို ထုတ်လုပ်ပေးနိုင်သည်။

အဆိုပါ အက်ဖ်-၅ ပီ အာကာသယာဉ်ကို လာမည့် ၂၀၁၅ ခုနှစ်အစောပိုင်းကာလ၌ ကမ္ဘာပတ်လမ်းကြောင်းသို့ လွှတ်တင်နိုင်မည်ဟု မျှော်မှန်းထားသည်။ ၎င်းအာကာသယာဉ်သည် အမြင့်သုံးပေနှင့် အကျယ်သုံးပေ ခြောက်လက်မခန့်ရှိပြီး ဆိုလာပြားသုံးပြားပါရှိကာ ဆဋ္ဌဂံဒီဇိုင်းပုံစံမျိုးဖြစ်သည်။ **(ဝဲပုံ)**

ယင်းအာကာသယာဉ်ကို ဥရောပအာကာသအေဂျင်စီက ဗြိတိန်သုတေသနပညာရှင်အဖွဲ့နှင့် ပူးတွဲကာ ယူရိုငွေ ၄၅ ဒသမ ၅ သန်း အကုန်အကျခံကာ တည်ဆောက်နေခြင်းဖြစ်သည်။ ၎င်းအက်စ် ၅ပီ အာကာသယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်း၌ ခုနစ်နှစ်ကြာ လုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

## မြေပြင်စခန်းနှင့်အဆက်အသွယ်ပြတ်တောက်သွားသည့် ဥရောပအာကာသအေဂျင်စီမှ အက်ဗီဆက်ဂြိုဟ်တု



**လန်ဒန် ဧပြီ ၁၃**

ဥရောပအာကာသအေဂျင်စီ (အီဆာ)မှ လွှတ်တင်ထားသော ကမ္ဘာဂြိုဟ်စောင့်ကြည့်ရေး ဂြိုဟ်တုသည် ဧပြီ ၁၃ ရက် နံနက်မှစတင်ကာ မြေပြင်စခန်းနှင့် အဆက်အသွယ်ပြတ်တောက်သွားကြောင်း အီဆာကသတင်းထုတ်ပြန်သည်။**(ယာပုံ)**

**ပြောကြား**

အဆိုပါ ဂြိုဟ်တုသည် အလေးချိန် ၈ တန်ရှိပြီး ကမ္ဘာမြေစောင့်ကြည့်ရေး သတင်းဆက်သွယ်မှုကွန်ရက်စနစ်များ ပြတ်တောက်သွားခဲ့ခြင်းဖြစ်ကြောင်း၊ မည်သည့်အတွက်ကြောင့် သတင်းဆက်သွယ်မှုပြတ်တောက်သွားသည်ကို စစ်ဆေးလျက်ရှိကြောင်း အီဆာတာဝန်ရှိသူများက ပြောကြားသည်။

အင်ဗီဆက်ဟုအမည်ပေးထားသော ၎င်းဂြိုဟ်တုကို ဥရောပအာကာသအေဂျင်စီက ၂၀၀၂ ခုနှစ်က လွှတ်တင်ထားခြင်းဖြစ်သည်။ ၎င်းဂြိုဟ်တုသည် လာမည့် ၂၀၁၄ ခုနှစ်မှသာ သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း လောလောဆယ်၌ အဆက်အသွယ်များ ပြတ်တောက်သွားခြင်းဖြစ်သည်။ ယခုအချိန်၌ ဥရောပအာကာသ အေဂျင်စီ၏ မြေပြင်စခန်းမှနေ၍ ၎င်းအင်ဗီဆက်ဂြိုဟ်တုနှင့် အဆက်အသွယ်ပြန်ရရန် ကြိုးစားလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**



## ငါးသတ္တဝါများ၏ သဘာဝအလေ့အထများကိုလေ့လာရန် စက်ရုပ်ငါးတစ်ကောင်ထုတ်လုပ်

**ရောမ ဧပြီ ၁၃**

ရေပျော်ငါးသတ္တဝါများ၏ သဘာဝအလေ့အထများကို အကောင်းဆုံးလေ့လာသုတေသနပြုနိုင်ရန်အတွက် ပထမဆုံးငါးစက်ရုပ်အမျိုးအစားတစ်ကောင်ကို အီတလီသုတေသနပညာရှင်များက အောင်မြင်စွာထုတ်လုပ်လိုက်ကြောင်း ဧပြီ ၁၃ ရက်တွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

အဆိုပါ ငါးစက်ရုပ်ကို အီတလီအမျိုးသားသုတေသနကောင်စီ(စီအင်န်အာ)နှင့် နယူးယောက်တက္ကသိုလ် (အင်န်ဝိုင်ယူ)တို့မှ သုတေသနပညာရှင်များက ပူးပေါင်းတီထွင်ထုတ်လုပ်လိုက်ခြင်းဖြစ်သည်။

**အနီးကပ်လေ့လာ**

၎င်းငါးစက်ရုပ်ကို မြစ်ချောင်း၊ အင်းအိုင်နှင့်ပင်လယ်သမုဒ္ဒရာတို့တွင် ကျင်လည်ကျက်စားနေသော ငါးအုပ်စုများအတွင်းသို့ စေလွှတ်ကာ အတူကူးခပ်သွားလာရင်း ယင်းတို့၏ သဘာဝအပြုအမူအလေ့အထနှင့် သွားလာကျက်စားမှုများကို အနီးကပ်လေ့လာစေမည်ဖြစ်သည်။

ယင်းစက်ရုပ်သည် ရေထဲတွင် အခြားသဘာဝငါးများနှင့်အတူ ကူးခပ်သွားလာရင်းနှင့် သဘာဝငါးများ၏အလေ့အထများအပြင် အခြားရေပျော်သတ္တဝါမျိုးစိတ်များ၏ အလေ့အထနှင့်အပြုအမူများကို လေ့လာမှတ်တမ်းတင်နိုင်မည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ ၎င်းစက်ရုပ်ငါးကို အန္တရာယ်ပြုနိုင်သော ရေပျော်သတ္တဝါတို့၏ ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန်လည်း တီထွင်ထုတ်လုပ်ထားသည်။ **(အင်တာနက်)**

ကောင်းမြတ်သူ-စုစည်းသည်

## သရုပ်ဆောင်မတ်အန်ထော်နီနဲ့ အဆိုတော်ဂျင်နီဖာလိုပက်ဇ် လမ်းခွဲကြပြီ

**လော့စ်အိန်ဂျလိစ် ဧပြီ ၁၃**

ကမ္ဘာကျော် သရုပ်ဆောင်မတ်အန်ထော်နီနဲ့ အဆိုတော်ဂျင်နီဖာလိုပက်ဇ်တို့ဟာ လမ်းခွဲတော့မည်ဖြစ်ကြောင်း ကြေညာပြီး လအတန်ကြာ ဧပြီ ၉ ရက်က တရားဝင်ကွာရှင်းပြတ်စဲကြောင်း လက်မှတ်ရေးထိုးလိုက်ကြပါပြီ။ **(ဝဲပုံ)**

**လက်မှတ်ရေးထိုး**

သူတို့နှစ်ဦးဟာ လော့စ်အိန်ဂျလိစ်မြို့မှာရှိတဲ့ တရားရုံးတစ်ရုံးမှာ ကွာရှင်းပြတ်စဲကြောင်း နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးလိုက်ကြတယ်လို့ ရှေ့နေတွေက ဆိုပါတယ်။

သူတို့နှစ်ယောက်ဟာ ခုနစ်နှစ်သာလက်ထပ်ပေါင်းသင်းခဲ့ကြပြီးနောက် ပြီးခဲ့တဲ့နှစ် ဇွန်လတုန်းက လက်ထပ်ပေါင်းသင်းမှု အဆုံးသတ်သွားပြီဖြစ်ကြောင်း နှစ်ဦးစလုံးက ကြေညာခဲ့ကြပါတယ်။ သူတို့မှာ အမြွှာသမီးနှစ်ယောက်ရှိပါတယ်။ ဒီကလေးနှစ်ယောက်ကိုတော့ ဖခင်ဖြစ်သူ မတ်အန်ထော်နီက အနီးကပ်စောင့်ရှောက်ပေးမယ်လို့ သိရပါတယ်။

သူတို့စုံတွဲဟာ ဂီတလောကမှာ အောင်မြင်ကျော်ကြားတဲ့ စုံတွဲဖြစ်ခဲ့ပါတယ်။ 'Q' Viva ရုပ်သံတေးစီးရီးမှာ လူသိများကျော်ကြားခဲ့တဲ့ အဆိုတော်ဇနီးမောင်နှံဖြစ်ပါတယ်။ ဂျင်နီဖာလိုပက်ဇ်ဟာ အန်ထော်နီရဲ့ ဒုတိယမြောက်ဇနီးဖြစ်ပါတယ်။ ဂျင်နီဖာလိုပက်ဇ်ဟာလည်း ၂၀၀၄ ခုနှစ် ဇွန်လက အန်ထော်နီနဲ့ လက်မထပ်မီ အိမ်ထောင်နှစ်ကြိမ်ကျခဲ့ဖူးတဲ့ အဆိုတော်ဖြစ်ပါတယ်။

**လုပ်ကိုင်ခဲ့**

အန်ထော်နီဟာ မကြာသေးမီနှစ်များက သရုပ်ဆောင်နဲ့ ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းတွေကို လုပ်ကိုင်ခဲ့သူဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်က EL Cantante လို့ အမည်ပေးထားတဲ့ ရုပ်ရှင်ကားမှာ လိုပက်ဇ်နဲ့အတူ သရုပ်ဆောင်ခဲ့ပါတယ်။

ဂျင်နီဖာလိုပက်ဇ်ဟာ American Idol သီချင်းဆိုပြိုင်ပွဲရဲ့ အကဲဖြတ်ဒိုင်ဖြစ်လာပြီးနောက် ဂီတလောကထဲကို ပြန်လည်ဝင်ရောက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ Love? လို့ စီးရီးခေါင်းစဉ်ပေးထားတဲ့ အယ်လ်ဘမ်ထွက်ရှိခဲ့ပါတယ်။ **(အင်တာနက်)**

## အောင်မြင်ကျော်ကြားမှုကိုထိန်းရတာ သိပ်ပင်ပန်းတယ်လို့ပြောတဲ့ အဆိုတော်ကာတီပယ်ရီ

**လော့စ်အိန်ဂျလိစ် ဧပြီ ၁၃**

အဆိုတော် ကာတီပယ်ရီဟာ ကမ္ဘာကျော်တဲ့ အဆိုတော်တစ်ဦး ဖြစ်ပါတယ်။ သူမဟာ Firework , E.T, Last Friday Night လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်တွေနဲ့ အောင်မြင်ကျော်ကြားခဲ့ပါတယ်။ ယခုလည်း သူမဟာ ကမ္ဘာတစ်ဝန်းလှည့်လည်ဖော်ပြခဲ့တဲ့ စတိတ်ရှိုးတွေကို ပြန်ပြီး ဇာတ်လမ်းဖွဲ့ရုပ်ရှင်ရိုက်နေတယ်လို့ သိရပါတယ်။ သူမဟာ သရီးဒီရုပ်ရှင်အဖြစ် ပြန်လည်ရိုက်ကူးနေတယ်လို့ ဆိုပါတယ်။ **(ယာပုံ)**

**အကောင်းဆုံးရိုက်ကူး**

အသက် ၂၇ နှစ်အရွယ်သာရှိသေးတဲ့ အဆိုတော်ကာတီပယ်ရီက ပရိသတ်တွေအကြိုက် အကောင်းဆုံးရိုက်ကူးသွားမယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ကျော်ကြားမှုကို ထိန်းရတာအလွန်ပင်ပန်းလှပါတယ်လို့လည်း သူမကဆိုပါတယ်။

အဆိုတော်ပဲဖြစ်ဖြစ်၊ ရုပ်ရှင်မင်းသမီး၊ မင်းသားပဲဖြစ်ဖြစ် ကျော်ကြားတဲ့သူတွေဖြစ်အောင် ကြိုးစားကြရပါတယ်။ ကြိုးစားလို့ အောင်မြင်လာတော့လည်း ဒီအောင်မြင်မှုကို ဆက်ထိန်းဖို့ သိပ်ပင်ပန်းပါတယ်လို့ အဆိုတော်ကာတီပယ်ရီက ဆိုပါတယ်။

ဘာပဲဖြစ်ဖြစ် ပင်ပန်းသည်ဖြစ်စေ၊ မပင်ပန်းသည်ဖြစ်စေ အမြဲတမ်းကြိုးစားနေမှာပါ။ ပရိသတ်တွေအတွက် သီချင်းတွေအများကြီးဆိုပြီး သီချင်းအယ်လ်ဘမ်တွေထွက်ဖို့ ကြိုးစားသွားမှာပါလို့လည်း အဆိုတော်ကာတီပယ်ရီက သတင်းထောက်များကို ပြောပါတယ်။ **(အင်တာနက်)**

## ရောဂါသည်မဟုတ်ဘူးလို့ပြောတဲ့ အဆိုတော် မီလီဆိုင်းရပ်စ်

**လော့စ်အိန်ဂျလိစ် ဧပြီ ၁၃**

ကမ္ဘာကျော်အဆိုတော် မီလီဆိုင်းရပ်စ် တစ်ယောက် ခါတိုင်းထက် ပိန်ကျသွားတာ တွေ့ရတယ်လို့ ပရိသတ်တွေက ဆိုပါတယ်။ သူမဟာ မတည့်တဲ့အစားတစ်ခုစားမိရာက အဆိပ်အတောက်ဖြစ်ပြီး ကျန်းမာရေးချို့တဲ့နေတယ်လို့ ပရိသတ်တွေက ပြောဆိုနေကြပါတယ်။ **(ဝဲပုံ)**

အသက် ၁၉နှစ်အရွယ်သာရှိသေးတဲ့ အဆိုတော်မီလီဆိုင်းရပ်စ်ဟာ ပိန်ချင်လွန်းလို့ အစားအသောက်တွေကို လျှော့စားနေတယ်လို့ ဝေဖန်ပြောဆိုနေကြပါတယ်။ ပြီးတော့ ပရိသတ်တွေက သူ့ကိုရောဂါသည်လို့လည်း ခေါ်ကြပါတယ်။

"ကျွန်မရောဂါသည်တစ်ယောက်မဟုတ်ပါဘူး။ လူတိုင်းဟာကိုယ့်ကိုယ်ကိုတော့ ပြုပြင်နေထိုင်တတ်ကြပါတယ်။ ဒီလိုပါပဲ ကျွန်မလည်း ကျွန်မအယူအဆနဲ့ ကိုယ့်ကိုယ်ကို ကျန်းမာအောင် ပြုပြင်နေထိုင်ပါတယ်။ ဒီခေတ်က အဝလွန်တာတွေ သိပ်များလာတော့ အစားအသောက်ကို ဆင်ဆင်ခြင်ခြင်နဲ့စားမှ တော်ရာကျပါတယ်။ ဖြစ်နိုင်ရင် ဘာပဲစားစား နည်းနည်းလျှော့စားတာ ကောင်းပါတယ်"လို့ အဆိုတော် မီလီဆိုင်းရပ်စ်က ပရိသတ်တွေကို ပြန်လည်ပြောကြားခဲ့ပါတယ်။

အဆိုတော် မီလီဆိုင်းရပ်စ်ဟာ ၂၀၀၉ ခုနှစ်မှစပြီး ဂီတလောကမှာ အောင်မြင်ကျော်ကြားလာတဲ့ အဆိုတော်တစ်ဦးဖြစ်ပါတယ်။ **(အင်တာနက်)**

14-4 (13).pmd 1 4/14/2012, 2:52 AM

## မြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဧပြီ ၁၃

**ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ချင်းပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ဧပြီလ၏ ပျမ်းမျှ အပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့တွင် ၄၂ ဒီဂရီစင်တီ ဂရိတ်နှင့် မကွေးမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပလက်ဝမြို့တွင် ၀ ဒသမ ၃၅ လက်မနှင့် မင်းတပ်မြို့တွင် ၀ ဒသမ ၃၂ လက်မတို့ ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်း ဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့** အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**(၁၃၇၃ ခုနှစ် တန်ခူးလပြည့်ကျော် ၈ ရက်၊ ဥပုသ်နေ့)**
**(မဟာသင်္ကြန်အကြတ်နေ့)**
**၁၄-၄-၂၀၁၂ (စနေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ နမောနမော (သန်းမြတ်စိုးနှင့်အဖွဲ့၊ တေးရေး-မောင်မောင်လတ်)
- ၇:၃၀ နံနက်ခင်းသတင်း
- ၈:၀၅ ကဗျာပန်းဥယျာဉ်
- ၈:၁၅ ခါသင်္ကြန်အဆိုအကများ
- ၈:၃၅ International News
- ၈:၄၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

**နေ့လယ်ပိုင်း**

- ၁၁:၁၀ ခါသင်္ကြန်အဆိုအကများ
- ၁၁:၂၀ ချစ်စရာ့တာသင်္ကြန်
- ၁၂:၀၅ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၂၅ **သင်္ကြန်ဟုခေါ်ပါသည်** မေတ္တာ၊ပေါ်လေး၊ချမ်းပြည့်ငြိမ်း၊ ရဲရင့်ရှိန်၊ ခွန်အား၊ ကြူကြူသင်း၊ ကစ်ကစ်၊ မိုနာမောင်၊ မြတ်မိုမိုသိမ့်၊ မေလင်း (ဒါရိုက်တာ-မင်းမျိုး)
- ၁၃:၂၅ ဆယ်စုနှစ်ကခါသင်္ကြန်
- ၁၄:၀၀ သာယာရွှေပြည် တို့နေပြည်

**ညပိုင်း**

- ၄:၀၀ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ခါသင်္ကြန်အဆိုအကများ
- ၄:၄၅ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၅:၀၅ ခါသင်္ကြန်အဆိုအကများ
- ၅:၃၀ International Science News
- ၆:၀၀ ညနေခင်းသတင်း
- ၆:၅၅ ခါသင်္ကြန်အဆိုအကများ
- ၇:၁၅ **လတန်ခူးပေမို့** ရုပ်မြင်သရုပ်ဆောင်များ (ဒါရိုက်တာ-စန်းစန်းလှိုင်)
- ၇:၃၅ အလင်္ကာဝတ်ရည် (မဟာသင်္ကြန်) **ပိတောက်ဖူးတဲ့ တန်ခူးနွေ** (အပိုင်း-၃)
- ၈:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်းများ မိုးလေဝသအခြေအနေ မြန်မာရုပ်ရှင် **သင်္ကြန်မိုး**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်း လာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်း တို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

**လိုက်နာဆောင်ရွက်ရန်-**

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံး ပြသကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးရာညွှန့် (ငါန်းမြာကြီး)
**အသက်(၉၅)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ငါန်းမြာကြီးမြို့နေ (ဦးကောက်-ဒေါ်ကျော့မေ)တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးလမ်း၊ အမှတ် ၇၅နေ (ဒေါ်တင်အေး)၏ခင်ပွန်း၊ ဦးသိန်းလှိုင် (Ex Radio Officer, Kapal MGT S'pore)၊ ဦးမြင့်ကြိုင်၊ ဦးပေါ်စွမ်(ခ)ဦးဝင်းသူ-ဒေါ်ခင်လေးကြူ၊ ဦးမြသိန်းထွန်း (2nd Officer J.S.M)၊ ဒေါ်မြမြသန်းတို့၏ဖခင်၊ ဒေါက်တာသင်းသင်းဟန်၊ ဒေါက်တာနေနောင်ဝင်း၊ ဒေါက်တာမေမင်းစင်၊ မောင်အောင်ကျော်ခိုင်၊ မောင်ကောင်းမြတ်သူ၊ မောင်သန်းထိုက်စံတို့၏ဘိုးဘိုးကြီးသည် ၁၃-၄-၂၀၁၂ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးမြင့်သောင်း (ပြည်မြို့)
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၉လမ်း(အောက်)၊ အမှတ် ၁၉နေ (ဦးဘခင်-ဒေါ်ချစ်)တို့၏သား၊ ဒေါ်စောန္တဲ့၏ခင်ပွန်း၊ မသီတာမြင့်၊ မောင်ဝင်းမြင့်၊ (မောင်မောင်မြင့်)၊ (ကိုထွန်းထွန်းဦး)-မနီလာမြင့်၊ ဗိုလ်မှူးညီညီ(ငြိမ်း)-မဇင်နွယ်ဝင့်၊ မောင်ထွန်းအောင်ကျော်၊ မောင်နိုင်နိုင်ကို-မတင်တင်မျိုးတို့၏ ဖွေးသဖခင် ကျေးဇူးရှင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၃-၄-၂၀၁၂ရက် (သောကြာနေ့) နံနက် ၁၀:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အုံးရင် (တွံတေးမြို့)
**အသက်(၆၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၊ ဈေးသစ်ရပ်ကွက်၊ အနော်ရထာလမ်း ထ/၄၅နေ (ဦးဖိုးဆင်-ဒေါ်ပိန်သေး)တို့၏သမီး၊ (ဦးစိန်ကြည်)၏ဇနီး၊ (ကိုအောင်ကျော်ဦး)-မမြမြတင်၊ ကိုဘကြည်၊ ကိုခင်မောင်ကြည်-မမြင့်မြင့်သွင်၊ ကိုစံကြည်-မခင်ဖြူဝင်း၊ မပိုပိုကြည်၊ ကိုအောင်မိုးကြည်-မဥမ္မာအောင်၊ မခင်ခင်ကြည်တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွား၊ မြစ်တစ်ယောက်၏အဘွားသည် ၁၂-၄-၂၀၁၂ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၄-၄-၂၀၁၂ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် တွံတေးမြို့ အိုးဖိုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

### ဦးဇော်မင်း
**(ဒုတိယညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန)**
**အသက်(၅၇)နှစ်**

ရွှေဘိုမြို့နေ ဦးရဲမောင်-(ဒေါ်ငြိမ်းရင်)တို့၏သားကြီး၊ အမှတ် ၄၊ မြသီတာလမ်း၊ (၃)ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်နေ ဦးအင်ခွန်တောင်-ဒေါ်လဆီးခါးနန်တို့၏သားသမက်၊ ဒေါ်ချယ်ရီနန်ဆိုင်း၏ခင်ပွန်း၊ Shimanuki Hideyuki -မအေးမြမင်း(တိုကျို-ဂျပန်)၊ မောင်မွန်းအောင်၊ မောင်ဆန်းအောင်၊ မအောန်းရာတို့၏ဖခင်သည် ၁၂-၄-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ ၅:၃၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၉:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးကျော်ဟန်
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**
**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ နေကြာ ၂လမ်း၊ (၅၀)ရပ်ကွက်၊ အမှတ် ၄၉၁နေ (ဦးထောက်-ဒေါ်ကျင်မြိုင်)တို့၏သား၊ (ဦးတင်ကြီး-ဒေါ်ခင်လှ)တို့၏သားသမက်၊ ဒေါ်မူမူတင်၏ခင်ပွန်း၊ ဦးမျိုးဟန်-ဒေါ်ဖြိုးဝေထိုက်၊ ဦးအောင်မိုးဟန်-ဒေါ်အားညီဘူ၊ မချိုမာဟန်တို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၁၂-၄-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၁၂ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### မောင်သန်းလှိုင်
**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊လသာမြို့နယ်၊(၇)ရပ်ကွက်၊ ၂၄လမ်း၊ အမှတ် ၇၀(သုံးလွှာ)နေ (ဦးတန်ကစိန် - ဒေါ်အေးကြည်)တို့၏တတိယသား၊ တန်ပိန်တျုံ(ခ)မောင်သန်းမြင့်၊ တန်ပိန်ဟို(ခ)မောင်သန်းဦးတို့၏ညီ၊ တန်ပိန်ဟုံ(ခ)မောင်ရဲသန့်၏အစ်ကို၊ တန်ဘိအိန်၊ တန်တီဟွီး(ခ)မသန့်ဇင်၊ တန်ဘိဘိ(ခ) မသန်းသန်းတို့၏မောင်သည် ၁၃-၄-၂၀၁၂ရက် မွန်းလွဲ ၁၂:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅:၂၅နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဒေါ်အေး(ခ)ဒေါ်ရှုကူးမနီး
**မြသီတာ ဘောလ်ရောင်းဝယ်ရေး**
**ဘုရင့်နောင်ဈေးကြီး**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၃လမ်း၊ အမှတ် ၆၃/၆၅(လေးလွှာ)နေ (ဦးမန်းနီး)၏ဇနီး၊ ကိုခင်မောင်အေး-မမာလာ၊ ကိုတင်မောင်အေး-မခင်သန်းမိုး၊ ကိုစိုးကြည်-မစိုးစိုးအေး၊မလှလှအေး၊မငွေငွေအေး၊မသန်းသန်းအေးတို့၏မိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၁၂-၄-၂၀၁၂ရက် ညနေ ၆:၁၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၁၂ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ဟိန္ဒူ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမ
### ဒေါ်ခင်သန်းနု (မန္တလေးမြို့)
**အသက်(၅၆)နှစ်**

မန္တလေးမြို့၊ အမှတ် ၁၃၆၊ ၃၃လမ်း၊ (၇၄×၇၅)လမ်းကြား၊ သီရိရိပ်မွန်နေ ဦးခင်မောင်အေး(မြန်မာ့မီးရထား၊ ငြိမ်း)၏ဇနီး၊ ဗိုလ်မှူးအောင်ကိုထိုက်-ဒေါ်ဖြူဖြူအေး၊ မောင်ဘုန်းမြင့်ထွန်း၊ မသီရိထွန်း၊ မောင်အောင်ထွန်းအေးတို့၏မိခင်သည် ၁၃-၄-၂၀၁၂ရက် (သောကြာနေ့) နံနက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၄-၂၀၁၂ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၂ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးရှိန် (ရွှေကျင်)
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊အမှတ် (၅)ရပ်ကွက်၊ ခ/၃၁၊ တပင်ရွှေထီးလမ်း၊ ကျောက်ရေတွင်းနေ (ဦးဘမောင်-ဒေါ်နှင်းအေး)တို့၏သား၊ (ဒေါ်ခင်ကြည်)၏ခင်ပွန်း၊(ဦးကြည်ရှိန်)-ဒေါ်စိုးစန္ဒာအောင်၊ (ဦးအုံ့ရှိန်)၊ ဦးမြတ်ရှိန်-ဒေါ်သန်းသန်းဦး၊ ဦးသီဟ-ဒေါ်နီနီရှိန်၊ ဦးသန်းရှိန်၊ ဦးရဲထွန်းဦး-ဒေါ်ရီရီရှိန်၊ ဦးဖုန်းရှိန်-ဒေါ်စောယမင်းဦးတို့၏ဖခင်၊ မြေး၄ယောက်တို့၏အဘိုးသည် ၁၃-၄-၂၀၁၂ရက် (သောကြာနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၂ရက် နံနက် ၈နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးမျိုးမြင့်(ခ)ဦးဟုတ်ဟင်း
**(ရွှေတောင်မော်)**
**အသက်(၈၁)နှစ်**

(ဦးဆိုင်-ဒေါ်ကျင်ယုံ)တို့၏သားကြီး၊ အမှတ် ၃၃ (A-1/A-2)၊ မြေနုလမ်း၊ စမ်းချောင်းမြို့နယ်နေ(ဒေါ်ခင်ရီ)၏ခင်ပွန်း၊ ဒေါ်ခင်ခင်-(ဦးအန်းတူး)၊ ဒေါ်ရင်ရင် (အထက-၂၊ လမ်းမတော်၊ ငြိမ်း)၊ ဒေါ်လှလှ(အလက-၁၊ လမ်းမတော်၊ ငြိမ်း)၊ ဒေါ်အေးအေး၊ ဦးခင်မောင်သန့်-ဒေါ်ပြုံးပြုံး၊ ဦးဝင်းနိုင်(လန်းဆန်းဝင်းကုမ္ပဏီ)-ဒေါ်အေးအေးမြင့်(ခ)မီးမီး၊ ဦးကျော်ကျော်မင်း-ဒေါ်တင်တင်အောင်၊ ဦးသန်းဌေး-ဒေါ်ဖြူဖြူဝင်း(ပွင့်ဖူး ပါတိတ်)၊ ဦးကျော်ကျော်လင်း-ဒေါ်စပယ်ထွေးတို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၁၂-၄-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၁၀:၃၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၁၂ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ကျင်တီ(ခ)လင်ကင်တီ
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇) ရပ်ကွက်၊ ၁၅လမ်း၊ အမှတ် 72 / B (မြေညီထပ်)နေ (ဦးကြီးရှိန်)၏ဇနီး၊ (ဦးတင်ရွှေ)၊ (ဦးမြင့်ဆွေ)၊ ဦးမင်းစိန်-ဒေါ်မွှေးမွှေး၊ ဒေါ်ဆွေဆွေမြင့်(ခ)ဒေါ်ပိုးကြူး၊ ဦးသိန်းဆွေ၊ ဦးဇော်ထွန်း(ခ)အင်းယား၊ ဒေါ်စု၊ ဒေါ်ယဉ်ထွေး-ဦးဝင်းသန်း (ငွေသောင်ယံ အလှကုန် စ/၄၉၊ အဆင့်မြင့်မင်္ဂလာဈေး)၊ဒေါ်မြင့်မြင့်ထွေးတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၂-၄-၂၀၁၂ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁:၄၅နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၁၂ရက်(စနေနေ့)နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးခင်မောင်ဦး
**သတ္တုတွင်းအင်ဂျင်နီယာ**
**(B.E Mining A.G.T.I ကလော)**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ အမှတ် ၁၀၇၈/ခနေ (ဦးလှရီ-ဒေါ်အုန်းကြည်)တို့၏သားဦးသန်းရွှေ-(ဒေါ်မြထင်)တို့၏သားသမက်၊ ဒေါ်ခင်နီလင်း၏ခင်ပွန်း၊ မောင်ညီညီဝင်း-မခင်ဥမ္မာလင်း၊ မောင်ကောင်းမြတ်လင်း - မသင်းသင်းညို၊ မဇာခြည်လင်း၊ မောင်အောင်အောင်ဦး-မအိမြတ်လင်းတို့၏ဖခင်၊မြေးသုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၂-၄-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၁၂ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၂ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တဓမ္မသာမိ (ရသေ့တောင်)
**မဟာသဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ**
**သက်တော်(၅၈)နှစ်၊ သိက္ခာတော်(၃၈)ဝါ**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ရွှေဘုံသာအုပ်စု၊ ညောင်ပင်သာရွာ၊ ညောင်ပင်သာကျောင်းတိုက်၊ ပဓာနနာယက၊ ဝဋ္ဋုဝန်နိကာယဂိုဏ်း၏မဟာနာယက၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီးသည် (၁၃၇၃ ခုနှစ် တန်ခူးလပြည့်ကျော် ၆ရက်) ၁၂-၄-၂၀၁၂ရက် ည ၁၂:၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့်(တန်ခူးလပြည့်ကျော် ၁၀ရက်) ၁၆-၄-၂၀၁၂ရက် (တနင်္လာနေ့) သင်္ကြန်ပွဲအတက်နေ့ မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပနပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

### ဦးအောင်ချိအေး
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၆၆/၁၄၊ နဝဒေးဥယျာဉ်အိမ်ရာနေ (ဦးထွန်းအေး-ဒေါ်ခင်မေ)တို့၏သားကြီး၊ (ဦးထွန်းအုံ)-ဒေါ်ခင်စောမြင့်တို့၏သားသမက်၊ (ဦးဝင်းမောင်)-ဒေါ်နန်းခင်နု၊ ဦးညီညီအေး-ဒေါ်နန်းဖြူဖြူမြင့်၊ ဒေါက်တာမြင့်မြင့်အေး၊ ဦးမောင်မောင်အေးတို့၏အစ်ကို၊ ဒေါ်နန်းလှနေနွယ်၏ခင်ပွန်းသည် ၁၃-၄-၂၀၁၂ရက် (သောကြာနေ့) နံနက် ၅:၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယိကာမကြီး
### ဒေါ်ခင်စန်းရီ
**အသက်(၅၁)နှစ်**

ရန်ကုန်မြို့နေ (ဒေါ်ကျင်စိန်)၏တူမ၊ (ဦးကြည်)-ဒေါ်အေးကြိုင်တို့၏သမီး၊ (ဦးကံ့စိန်-ဒေါ်ကျင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်အရှေ့ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ် ၂၂-A နေ ဦးမျိုးငြိမ်း၏ဇနီး၊ ဦးမြသိန်း၊ (ဦးတင်လှိုင်)၊ ဦးမျိုးအောင်-ဒေါ်စန်းမြင့်တို့၏ညီမ၊ ဦးမျိုးသိန်းထွန်း-ဒေါ်ခင်စန်းဝင်း၊ ဦးထိန်လင်း-ဒေါ်ဥမ္မာသန်း၊ ဦးဆန်းဝင်း-ဒေါ်အေးအေးသွယ်၊ ဦးချီဝေ-ဒေါ်လှိုင်ထွေး၊ ဦးမောင်မောင်ဟန်-ဒေါ်ကြည်ကြည်ဖြူတို့၏အစ်မ၊ ကိုလှိုင်မိုးဦး-မခင်ချမ်းမြေ့ငြိမ်း၊ ကိုငြိမ်းချမ်းကိုကိုတို့၏မိခင်၊ မသီရိရွှန်းလဲ့၏ ဘွားဘွား၊ တူ၊ တူမ ၁၁ယောက်တို့၏ကြီးတော်သည် ၁၃-၄-၂၀၁၂ရက် (သောကြာနေ့) နံနက် ၁၁:၀၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
### ဦးဇော်မင်း
**(ဒုတိယညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန)**
**အသက်(၅၇)နှစ်**

အမှတ် ၄၊ မြသီတာလမ်း၊ (၃)ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်နေ ဦးဇော်မင်း(ဒုတိယညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန)သည် ၁၂-၄-၂၀၁၂ရက် ညနေ ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ဆည်မြောင်းဦးစီးဌာန**

### ဒေါ်သန်းယွေ (မြိတ်)
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာခုလမ်း၊ အမှတ် ၃၈နေ (ဦးကျင်စိန်-ဒေါ်သက်မြင်)တို့၏သမီး၊ ဦးစစ်အော်-(ဒေါ်တင်ကြည်)တို့၏ညီမ၊ (ဦးမြင့်စိုး)-ဒေါ်ကေကေခိုင်တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွား၊ ဦးယုရွှေ၏ဇနီးသည် ၁၃-၄-၂၀၁၂ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၄-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးဘညွန့် (မာန်အောင်)
**(စစစ၊ ငြိမ်း)**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ၂၅လမ်း၊ အမှတ် ၇၄၁(က)နေ ဒေါ်သိန်းသိန်းမေ၏ခင်ပွန်း၊ မချိုမေမီဇင်၊ မောင်အောင်သူလွင်တို့၏ဖခင်သည် ၁၂-၄-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၂ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်အေးအေးမြ
**(မြန်မာ့သတင်းစဉ်၊ ငြိမ်း)**
**အသက်(၆၇)နှစ်**

အမှတ် ၉၇ (ငါးလွှာ)၊ ၉၃လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးအုန်းမြင့်၊ စစစ၊ ငြိမ်း-ဒေါ်ခင်ခင်)တို့၏သမီး၊ ဦးအောင်ကျော် (သာသနာရေးဦးစီးမှူး၊ ငြိမ်း)၏ဇနီး၊ မခင်စိုးလင်း၊ သန်းထွဋ်ဦး၊ မနီနီအောင်၊ ကိုမင်းသိန်းတို့၏မိခင်၊ အောင်ချမ်းမင်း၊ ကောင်းစစ်သွေး၊ ပြည့်ဖြိုးမင်းတို့၏ အဘွားသည် ၁၂-၄-၂၀၁၂ရက် (ကြာသပတေးနေ့)ည ၁၀:၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးချစ်သန်း (မြိတ်)
**ဥက္ကဋ္ဌ၊ ပုလောမြို့နယ်အသင်း**
**(မြိတ်မြို့)**
**အသက်(၆၇)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ တက္ကသိုလ်ရိပ်သာ၅လမ်းထိပ်၊ရွှေကောင်းမွန် အမျိုးသမီးအဆောင်ပိုင်ရှင် ဒေါ်ကြင်စွမ်၏ခင်ပွန်း၊ ကိုမြင့်ဆန်း-မရှုဟုန်၊ ကိုအောင်သူဝင်း-မရှုဌေး၊ကိုအောင်သက်ထွေး-မရှုအေး၊ ကိုဌေးနိုင်၊ ကိုကိုစိုး-မရှုအင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၁-၄-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့)ည ၁၀:၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅-၄-၂၀၁၂ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ကလွင်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
R. 488

14-4 (19).pmd 1 4/14/2012, 2:52 AM

# ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဧပြီ ၁၃**

ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. David Cameron ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Richard Heyn တို့က နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**လိုက်ပါ**

ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. David Cameron နှင့်အတူ Minister for Universities and Science Hon. Mr. David Willets နှင့် အဆင့်မြင့် အရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါလာကြသည်။

(သတင်းစဉ်)

**ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် Rt. Hon. Mr. David Cameron အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

**အထူးစည်ကား**

**သင်္ကြန်အကျနေ့က ရွှေသံလွင် ကုမ္ပဏီမိသားစု ရေကစားမဏ္ဍပ်၌ ရေပက်ခံလာ ပရိသတ်များဖြင့် အထူးစည်ကားလျက်ရှိစဉ်။**

(သတင်းစဉ်)

# ၂၀၁၂ ခုနှစ် နေပြည်တော်မဟာသင်္ကြန် သင်္ကြန်တေးသီချင်းများဖြင့်ဖုံးလွှမ်း

## သင်္ကြန်ချစ်သူများ အေးချမ်းပျော်ရွှင်စွာ သင်္ကြန်ပွဲဆင်နွှဲ

**နေပြည်တော် ဧပြီ ၁၃**

ယနေ့သည် မဟာသင်္ကြန် အကျနေ့ဖြစ်သည်။ သင်္ကြန်သည် ကူးပြောင်းခြင်း၊ ပြောင်းရွှေ့ခြင်းဟူသော အနက်ကိုဆောင်သည့် "သင်္ကြန္တ" ဟူသော သက္ကတဘာသာစကားနှင့် "သင်္ကန္တ"မည်သော ပါဠိဘာသာစကားတို့မှ ဆင်းသက်လာသော ဝေါဟာရဖြစ်ပြီး မြန်မာလူမျိုးတိုင်း ရင်တွင်းစွဲငြိသည့် ပွဲတော်တစ်ခုဖြစ်သည်။

နှစ်ဟောင်းကာလကို ပြန်လည်ဆင်ခြင်သုံးသပ်၍ နှစ်သစ်တွင် မကောင်းမှုများ လျော့နည်းစေရန်နှင့် ကောင်းမှုကုသိုလ်တရားများ ပွားများစေရန် ဦးတည်ချက်ထားကာ မေတ္တာဖြင့် တစ်ဦးနှင့်တစ်ဦး အတာရေပက်ဖျန်းလောင်းပက်ကြသည့် ရေသဘင်ပွဲတော်ဖြစ်သည်။ ကုသိုလ်ကောင်းမှုများရရှိစေရန် မဟာသင်္ကြန်ပွဲတော် အကြိုနေ့မှစတင်၍ နေပြည်တော်တစ်ဝန်းလုံးရှိ ဘုရား၊ ကျောင်း၊ ကန်၊ စေတီပုထိုးများ၌ ကုသိုလ်ပုညဆည်းပူးကြသူများ၊ ဒါန၊ သီလ၊ ဘာဝနာပွားများကြသူများဖြင့် စည်ကားခဲ့ပြီး ရေသဘင်ပွဲတော် မဏ္ဍပ်ဖွင့်ပွဲများ ကျင်းပပြီးနောက် မဟာသင်္ကြန်အကြိုနေ့ကို ပျော်ရွှင်စွာရေပက်ကစား၍ ဖွင့်လှစ်ခဲ့ကြသည်။

ယနေ့ မဟာသင်္ကြန်အကျနေ့တွင် နေပြည်တော် ပျဉ်းမနား ဗိုလ်ချုပ်လမ်းတစ်လျှောက်၊ နေပြည်တော်လယ်ဝေး၊ ရန်ကုန်-မန္တလေးကားလမ်းမကြီးတစ်လျှောက်နှင့် နေပြည်တော်တပ်ကုန်းရှိ လမ်းများ၌ မဟာသင်္ကြန်ရေကစားမဏ္ဍပ်များ ဆောက်လုပ်၍ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။ စာမျက်နှာ ၃ ကော်လံ ၄ ▲

**မြန်မာ့အလင်း ယနေ့ သတင်းအညွှန်း**

ဆိုးလ်မြို့တော် ဝေဟင်ပေါ်တွင် ပန်းကန်ပြားပျံ ဖြတ်သန်း စာ-၁၁

ရထားလမ်းတံတားပေါ် ဖြတ်ကူးသော မြေးအဘွား နှစ်ဦးအား စက်ခေါင်းမောင်းလက်ထောက်က သက်စွန့်ဆံဖျား ကယ်တင်ခဲ့ရ စာ-၅

ချယ်လ်ဆီးနဲ့စပါးတို့ အပြိုင်နွှဲရမယ့် အက်ဖ်အေဖလားအကြီးဖိုင်လ်လုပွဲ စာ-၁၂

**မြန်မာ့အလင်း သင်္ကြန်မြင်ကွင်း သတင်းပဒေသာ | သင်္ကြန်မြင်ကွင်း သတင်းပဒေသာ | သင်္ကြန်မြင်ကွင်း သတင်းပဒေသာ**

# အတာရေသဘင်ပွဲ အနုပညာရှင်များ ပါဝင်ဆင်နွှဲ

**အမေး/အရေး ခင်ရတနာ**
**ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**

**ရန်ကုန် ဧပြီ ၁၃**

**သင်္ကြန်ရက်များအတွင်း မဏ္ဍပ်ကြီးများပေါ်၌ တွေ့ရှိခဲ့ရသည့် အနုပညာရှင်များ၏ လှုပ်ရှားမှုသတင်းများကို ဖော်ပြလိုက်ရပါသည်။**

**သက်မွန်မြင့်**

မနှစ်က သင်္ကြန်တွင်းကို အိမ်မှာပဲနေဖြစ်တယ်။ ဒီနှစ်ကတော့ All day ကို မဏ္ဍပ်ထိုင်ဖြစ်တယ်။ ဆီဒိုးနားဟိုတယ်ရှေ့က Naing Group မဏ္ဍပ်မှာပါ။ သီချင်းဆိုဖို့ စီစဉ်ထားပေမယ့် ဆိုဖြစ်မလားတော့ သိပ်မသေချာသေးဘူး။(ရယ်လျက်) ဘာပဲဖြစ်ဖြစ် ပရိသတ်ကြီးနဲ့ တိုက်ရိုက်တွေ့ရတဲ့အတွက် ပျော်ပါတယ်။

**နေခြည်လင်းလဲ့**

သမီးကဒီနှစ် Naing Group မှာ All day ရှိပါတယ်။ အနုပညာမောင်နှမတွေနဲ့ အခုလို စုပေါင်းပြီး မဏ္ဍပ်ထိုင်ရတာကို ပျော်ပါတယ်။ ဒီနှစ် ရန်ကုန်သင်္ကြန် စည်ကားတယ်လို့မြင်ပါတယ်။ သီချင်းမျိုးလေးတွေ သီဆိုဖို့ စီစဉ်ထားပါတယ်။

**ဆောင်းဦးလှိုင်**

အစ်ကိုက ဒီနှစ် Naing Group မှာ ထိုင်ဖြစ်တယ်။ ပုဂ္ဂိုလ်ချင်းလည်း ခင်မင်ရင်းနှီးနေတော့ ဒီမှာအားဖြည့်ဖြစ်တာပါ။ သီချင်းတွေကတော့ ပုံမှန်အတိုင်း ဆိုပေးသွားပါမယ်။ ဘာပဲဖြစ်ဖြစ် သင်္ကြန်ရောက်လာတော့လည်း အစ်ကိုတို့အားလုံး စုစုစည်းစည်းနဲ့ တစ်နှစ်တစ်ခါ ပျော်ကြရတာပေါ့။ ငါးရက်လုံး ဒီမဏ္ဍပ်မှာပဲ ရှိဖြစ်မယ်။

**မိုးယုစံ**

မနှစ်က နေပြည်တော်မှာ သင်္ကြန်ကျခဲ့တာ။ ဒီနှစ်တော့ ရန်ကုန်သင်္ကြန်ပေါ့။ မိုးယုက ဆိုလည်း ဆိုမယ်။ ကလည်း ကဖြစ်မယ်နဲ့တူတယ်။ အကြိုနေ့မှာတော့ သင်္ကြန်မိုးသီချင်းကို Plus 3 တီးဝိုင်းနဲ့အတူ သီဆိုပေးခဲ့တယ်။

စာမျက်နှာ ၇ ကော်လံ ၅ ●

14-4 (20).pmd 1 4/14/2012, 3:28 AM